# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလဆန်း (၉) ရက် ၊ သောကြာနေ့ ၊ (30-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H.E. Mr. Deng Xijun ကို လက်ခံတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H.E. Mr. Deng Xijun ကို လက်ခံတွေ့ဆုံစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H.E. Mr. Deng Xijun ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးညွှန့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်မှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတကာမျက်နှာစာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှု၊ တရုတ်နိုင်ငံအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များတွင် ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ **မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ စာမျက်နှာ ၂၁ ကော်လံ ၁ သို့**



ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်
အယ်ဒီတာ့အာဘော်

# ထာဝရငြိမ်းချမ်းရေးရဖို့ရာ ဆွေးနွေးအဖြေရှာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်ဟု အတိအလင်းဖော်ပြထားသည်ကို တွေ့ရသည်။

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် တည်ငြိမ်အေးချမ်းမှုရှိရန်မှာ ပဓာနကျလှသည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ကြရာတွင် NCA စာချုပ်သည် နိုင်ငံအတွက် ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အဓိကအကျဆုံး အခြေခံလုပ်ဆောင်ရမည့်အချက်ဖြစ်ကြောင်း တွေ့နိုင်သည်။ NCA စာချုပ်သည် တစ်ဦးတစ်ယောက်တစ်ဖွဲ့တည်းက ရေးဆွဲထားခြင်းမဟုတ်ဘဲ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားခြင်းဖြစ်ပြီး နိုင်ငံတကာရှိ နိုင်ငံတချို့နှင့် အဖွဲ့အစည်းအသီးသီးတို့က အသိအမှတ်ပြု ပါဝင်လက်မှတ်ရေးထိုးထားသည့် စာချုပ်ဖြစ်သည်။ ငြိမ်းချမ်းရေးကိစ္စရပ်များကို ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာပါက အောင်မြင်မှုများ၊ ရလဒ်ကောင်းများရရှိကာ ထာဝရငြိမ်းချမ်းရေးကို မျှော်မှန်းနိုင်မည်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် NCA စာချုပ်ပါလုပ်ငန်းစဉ်များကို စစ်မှန်သောငြိမ်းချမ်းရေးရလိုစိတ်အရင်းခံ၍ ဆောင်ရွက်ပါက မှန်ကန်သောလမ်းကြောင်းဆီ ဦးတည်နိုင်မည်ဖြစ်သည်။ ထိုသို့သော နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီသို့ ဦးတည်ရှင်သန်ပေါ်ပေါက်စေနိုင်သည့် တိုင်းရင်းသားတို့၏ သွေးစည်းချစ်ကြည်မှုကိုရရှိအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရသည်။ ထိုသို့ တိုင်းရင်းသားတို့၏ သွေးစည်းချစ်ကြည်မှု ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ပြီးပါက တစ်နိုင်ငံလုံးရှိ တိုင်းရင်းသား ပြည်သူများ လိုလားတောင့်တလျက်ရှိကြသည့် ထာဝရငြိမ်းချမ်းရေးသည် မဝေးတော့ပြီဟုဆိုရပေမည်။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးရရှိခဲ့မှုသက်တမ်းသည် (၇၅) နှစ်ပြည့် စိန်ရတုကာလသို့ပင် ရောက်ရှိလာနေပြီဖြစ်သည်။ ထို့အတူ ပြည်တွင်းငြိမ်းချမ်းရေးခရီးကြမ်းသည်လည်း လွတ်လပ်ရေး၏ သက်တမ်းကာလနှင့်ထပ်တူ လျှောက်လှမ်းနေရဆဲပင်ဖြစ်သည်။ နောင်လာမည့်မျိုးဆက်သစ်များအတွက် ချန်ထားရစ်ရန်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့သည် ထာဝရငြိမ်းချမ်းရေးကို အလေးအနက်အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ကြောင့် NCA စာချုပ်လက်မှတ်ရေးထိုးပြီးသည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားလက်နက်ကိုင်ညီနောင်သွေးချင်းအပေါင်းတို့သည် မိမိတို့တိုင်းပြည်နှင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားကိုရှေးရှုကာ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ အမြန်ဆုံးလျှောက်လှမ်းကြရပေမည်။

သို့ဖြစ်ပေရာ နိုင်ငံငြိမ်းချမ်းရေးရရှိရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန်မှာ တစ်ဦးတစ်ယောက်တည်း အဖွဲ့အစည်းတစ်ခုတည်းဖြင့်ဆောင်ရွက်၍ မရနိုင်ပါ။ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားများအားလုံး၏ ပေါင်းစည်းမှုအင်အားဖြင့်သာ ဆောင်ရွက်၍ ရရှိနိုင်မည်ဖြစ်ရာ လက်တစ်ကမ်းအကွာတွင်ရှိသော ငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူအပေါင်းတို့၏ စည်းလုံးညီညွတ်မှုဖြင့်ရယူနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဆိပ်ကမ်းတွင် ကုန်စည်ရရှိမှု များပြားလာ၍ ကုန်တင်ကုန်ချလုပ်သားဦးရေ ၃၀၀၀ ကျော်ထိ အလုပ်အကိုင်ရရှိလာ



**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားလာ၍ ကုန်တင်၊ ကုန်ချလုပ်သားဦးရေ ၃၀၀၀ ကျော်ထိ အလုပ်အကိုင်ရရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

ယခုလက်ရှိ မန္တလေးဆိပ်ကမ်းတွင် အခြားမြို့များသို့ တင်ပို့ရမည့် ကုန်ကြမ်းပစ္စည်းများအပြင် ကုန်ချောပစ္စည်းများပါ ရရှိမှု ယခင်ကထက်ပိုမိုများပြားလျက်ရှိကြောင်း၊ မန္တလေးဆိပ်ကမ်းမှ အခြားမြို့များသို့ တင်ပို့မည့် ကုန်စည်များထဲတွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အထည်အလိပ်နှင့် ပရိဘောဂပစ္စည်းများလည်း ပါဝင်ကြောင်း သိရသည်။

"အခုလတ်တလော ကုန်စည်ရရှိမှုက တော်တော်လေး အားပြန်ကောင်းလာတာကြောင့် မန္တလေးဆိပ်ကမ်းမှာ ကုန်တင်၊ကုန်ချလုပ်သားတွေ အလုပ်အကိုင်ပြန်ပြီး ရရှိနေကြပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းတွင် ဒီဇင်ဘာလ ဒုတိယပတ်က ကုန်စည်ရရှိမှုနည်းပါးသဖြင့် ကုန်တင်၊ ကုန်ချလုပ်သား ဦးရေ ၂၃၀၀ ကျော်ဖြင့်သာ လုပ်ငန်းလုပ်ကိုင်ခဲ့ရသော်လည်း ယခုလက်ရှိတွင် ကုန်စည်ရရှိမှု များပြားလာခြင်းကြောင့် ကုန်တင်၊ကုန်ချလုပ်သားဦးရေ ၃၀၀၀ ကျော်ဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးဆိပ်ကမ်းကနေ တင်ပို့တဲ့ပို့ကုန်တွေက တော်တော်လေး ပြန်ပြီးများလာတယ်။ အခြားရွှေကူ၊ကသာ၊ထီးချိုင့်နဲ့ဝန်းမော်ဘက်ကနေ မန္တလေးဆိပ်ကမ်းကိုတင်ပို့တဲ့ကုန်စည်တွေလဲ ပုံမှန်အတိုင်း တင်ပို့နေကြတယ်"ဟု ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးကားဈေးကွက်အတွင်း ညာမောင်းလုပ်ငန်းသုံးကားများ တင်သွင်းခွင့်မရတော့သဖြင့် လက်ကျန် ညာမောင်းလုပ်ငန်းသုံးကားများ အမြင့်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်နေကြပြီး ဈေးကွက်အကြိုက်ဖြစ်သည့် ငွေကျပ် သိန်း ၂၅၀ ခန့် ညာမောင်းကားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ကားသစ်ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် ကားအမျိုးအစားများမှာ Hyundai၊ Toyota၊ Suzuki၊ Borgward၊ BAIC၊ Ford ၊ Nissan စသည့် ကားများဖြစ်ကြောင်း၊ ကားဟောင်းများအတွင်းမှ Honda Fit၊ Toyota Vitz၊ Suzuki Swift၊ Mazda Demio စသည့် ကားအမျိုးအစားများမှ ငွေကျပ်သိန်း ၂၅၀ အောက် ကားလေးများလည်း အရောင်းအဝယ်ရှိကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ် သိန်း ၁၃၀ ခန့်၊ Auto ငွေကျပ် ၁၄၅ သိန်းခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့်လည်း သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် သိန်း ၁၄၀၊ စလစ်အပ်ကား ငွေကျပ်သိန်း ၁၂၀၊ တိုက်ကြေစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်တွင် ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနှင့် တရုတ်နိုင်ငံထုတ် ဆိုင်ကယ်များ အရောင်းအဝယ်ပြန်လည်အေးနေကြောင်း မန္တလေးမြို့ ၅၉လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/ 125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းအမျိုးအစားမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းဈေးရှိနေကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲပုပ် (ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ ထို့ပြင် အရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ဗမာ)ကို ကုန်သည်များက ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ပဲပုပ်(ဗမာ)ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်နေပြီး အရောင်းအဝယ်ကောင်းနေတယ်။ ပြည်ပကနေပြီးတော့ ပဲပုပ်(ဗမာ)ကို မှာယူမှုက တော်တော်လေးနည်းပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ပဲပုပ်(ဗမာ) ဈေးနှုန်းမှာ ဒီဇင်ဘာလ ဒုတိယပတ်က ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ခန့်သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲပုပ်(ဗမာ) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ပဲပုပ် (ရှမ်း) အမျိုးအစားများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုလတ်တလောတွင် ပဲပုပ်(ရှမ်း) အမျိုးအစားမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင်ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သံတောင်ကြီးမြို့နယ် ကော်ပတ်ခြံကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**သံတောင်ကြီး ဒီဇင်ဘာ ၂၉**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကော်ပတ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်နိုင်ရေး မြေပြင်အခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် တာဝန်ရှိသူများသည် ကော်ပတ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် အလျား ပေ ၆၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေ ရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ရန်အတွက် မြေနေရာ ရရှိနိုင်မှုအခြေအနေ၊ ဆောင်ရွက်မည့်အစီအစဉ်များကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့သည်။

သံတောင်ကြီးမြို့နယ် ကော်ပတ်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်း အတိုးရငွေမှ ငွေကျပ် ၁၅ သိန်း အသုံးပြု၍ ကျေးရွာအတွက် အမှန်တကယ်လိုအပ်နေသော ဘက်စုံသုံးခန်းမတည်ဆောက်ရန် ကျေးရွာသူကျေးရွာသားများ၏ သဘောဆန္ဒဖြင့် ရွေးချယ်ခြင်းဖြစ်ကြောင်း သံတောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဒေါ်မူစိန် မိသားစုက ကွယ်လွန်သူ ကိုဆွေမြင့်၊ မတင်တင်မာတို့အားရည်စူး၍ ဆွမ်းအတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၉၅၄၈ ဧက လျာထားစိုက်ပျိုးသွားမည်



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ၂၉၅၄၈ ဧကလျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက ဆန်စပါးစားနပ်ရိက္ခာဖူလုံစေရန်၊ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ပြီး နှစ်စဉ် မဲဇလီရေလွှဲဆည်ရေဖြင့် စပါးသီးနှံကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ လာမည့် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၉၅၄၈ ဧကစိုက်ပျိုးရန် လျာထားပြီး အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အနေနဲ့ လာမဲ့ နွေသီးနှံစိုက်ပျိုးရာသီမှာ မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီးတော့ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ ဝင်ငွေတိုးပွားစေဖို့အတွက် ရည်ရွယ်ပြီးတော့ နွေစပါး ၂၉၅၄၈ ဧက လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စပါးစိုက်ပျိုးရေးလုပ်ငန်းက ပွင့်ဖြူမြို့နယ်မှာ စိုက်ပျိုးရေအဆင်ပြေတဲ့အပြင် စိုက်ပျိုးလယ်မြေတွေ ကောင်းမွန်တာကြောင့် အောင်မြင်ဖြစ်ထွန်းမှုလဲ ရှိပါတယ်။ နွေစပါးစိုက်ပျိုးရာသီမှာလဲ ဒေသခံတောင်သူတွေ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေဖို့အတွက် လိုအပ်တဲ့စိုက်ပျိုးရေးသွင်းအားစုသုံးစွဲနည်းတွေနဲ့ စိုက်ပျိုး နည်းစနစ်တွေကို ပံ့ပိုးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာဆိုရင်လဲ တောင်သူတွေရဲ့ မိုးစပါးစိုက်ခင်းတွေ အထွက်နှုန်းကောင်းမွန်ခဲ့ပါတယ်။ အဓိက စိုက်ပျိုးတဲ့စပါးမျိုးတွေကတော့ ရွှေမင်း၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ချမ်းမြေ့မေ၊ ပခန်းရွှေဝါ စတဲ့စပါးမျိုးတွေကို စိုက်ပျိုးကြပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မဲဇလီရေလွှဲဆည်ရေဖြင့် စပါးကို အားထားစိုက်ပျိုးကြကြောင်း ၎င်းက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သထုံမြို့နယ် သင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သထုံ ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တန်းကျေးရွာအုပ်စု သင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံက ကျေးလက်နေ ပြည်သူများ၏ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်တောကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ခြောက်သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၃၀ ဒသမ ၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၇ ဒသမ ၄ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် တစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# ဆီဆိုင်မြို့နယ် နောင်အယ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဆီဆိုင် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် နားခိုက်ကျေးရွာအုပ်စု နောင်အယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နန်းနုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကော်မတီဝင်များဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက နောင်အယ်ကျေးရွာအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ အသီးသီး ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

နောင်အယ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာက ရွေးချယ်ထားသော လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နန်းနုထံမှ သိရသည်။

**ချိုသန်းညွန့်**



# ထိန်းသိမ်းကြစို့လေ လွတ်လပ်ရေးအမွေ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"- ဆွေးမိသည်တည့်၊ ဆွေးမိသည်**
**မလေးမောင် သည်ယနေ့၊ ဆွေးမြည့်မိသည်။**
**သွေးစက်နှင့် ကျဲမျက်ရည်၊ ပြည်နိုင်ငံအရေး**
**လူ့လမ်းခွဲ လူ့စရိုးမှာ၊ စီးရတယ်လေး။**
**- ငေးမိသည်တည့်၊ ငေးမိသည်**
**မလေးမောင် သည်ယနေ့၊ ငေးမေ့မိသည်။**
**ဝမ်းမဝ မျှမည်၊ ပြည်နိုင်ငံအရေး**
**လူ့လောကီ သည်ရှုပ်ထွေး၊ ရှင်းမုပါလေး။**
**- ရေးမိသည်တည့်၊ ရေးမိသည်**
**မလေးမောင် သည်ယနေ့၊ ရေးမွေ့မိသည်။**
**စီးခဲ့တဲ့ ကျဲမျက်ရည်၊ ပြည်နိုင်ငံအရေး**
**စာတေးသည် မြိုင်ချောင်က**
**သည်ကလောင် ရောင်ဖြည်လွှတ်**
**ဦးညွှတ်တယ်လေး။ ။"**

**(ဆရာကြီးဇော်ဂျီ)**

ဆယ်တန်းကျောင်းသားဘဝက ကျက်မှတ်ခဲ့ရသော **မျိုးချစ်စာဆိုတော်ကြီး ဆရာကြီးဇော်ဂျီ**၏ **"လွတ်လပ်ရေးနေ့အတွေး"** ကဗျာက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ရောက်ခါနီးလေလေ တမ်းတမ်းတတနှင့် ပြန်လည်သတိရကာ ရွတ်ဆိုမိလေလေပင်။

နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝမှ လွတ်မြောက်ရေးအတွက် အသက်၊ သွေး၊ ချွေးပေါင်းမြောက်မြားစွာ စတေးခဲ့ကြရသော မျိုးချစ်တိုင်းရင်းသားပြည်သူများ၏ ကျေးဇူးတရားကား အလွန်ပင်ကြီးမားလှပါပေသည်။

ယနေ့ နိုင်ငံတော်အတွင်းတွင် မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားလူမျိုးများသည် တစ်ချိန်ကသခင်ဘဝမှ ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်ကို မျိုးဆက်သစ်လူငယ်များ နားလည်သဘောပေါက်စွာ သိထားသင့်ကြသည်။ လွတ်လပ်ရေးတန်ဖိုးကို သိထားကြပါမှလွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်စွမ်းရှိကြပေလိမ့်မည်။

**ကျူးကျော်စစ်သုံးကြိမ် ကျူးလွန်ခဲ့ကြ**

၁၈၂၄ ခုနှစ် မတ် ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၁၈၅ခုနှစ် တပေါင်းလတွင် နယ်ချဲ့တို့ကရှင်မဖြူကျွန်းအရေးကိုအကြောင်းပြု၍ **ပထမကျူးကျော်စစ်**ကို စတင်ကျူးလွန်ခဲ့ကြသည်။ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် အင်းဝနေပြည်တော်မှ ၄၅ မိုင်ဝေးကွာသော ရန္တပိုရွာ၌ မြန်မာတို့ကအရှုံးပေးပြီး စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုခဲ့ရသည်။ ပထမစစ်ပွဲကာလ နှစ်နှစ်ကြာမြင့်ခဲ့ပြီး မြန်မာပိုင်မဏိပူရ၊ အာသံ၊ ရခိုင်နှင့် တနင်္သာရီတို့ကို နယ်ချဲ့တို့က သိမ်းပိုက်ရယူသွားခဲ့ကြသည်။

၁၈၅၁ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမရပူရ ပုဂံမင်းကို အင်္ဂလိပ်သံအမတ် မစ္စတာလူးဝစ်က မချေမငံပြောဆိုမှုကြောင့် ဒဏ်ငွေပေးဆောင်ရန် အမိန့်ချမှတ်ခြင်းအပါအဝင် ရန်ကုန်မြို့ဝန်က သင်္ဘောကပ္ပတိန်အား ဒဏ်ငွေတပ်မှုကိုအကြောင်းပြု၍ ၁၈၅၂ ခုနှစ် ဧပြီ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၂၁၄ခုနှစ်တွင် နယ်ချဲ့တို့က စစ်မကြေညာဘဲ **ဒုတိယကျူးကျော်စစ်**ကို ထပ်မံကျူးလွန်ခဲ့ပြန်သည်။ စစ်ပွဲကာလ ရှစ်လသာ ကြာမြင့်ခဲ့သော်လည်း ၁၈၅၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှစ၍ မြေထဲမြို့(အောင်လံ)အပါအဝင် မြန်မာနိုင်ငံအောက်ပိုင်း မုတ္တမ၊ ပဲခူး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းကို သိမ်းပိုက်သွားခဲ့ကြသည်။

ဘုံဘေဘားမားကုမ္ပဏီက အခွန်အကောက်မဆောင်ဘဲ ကျွန်းသစ်လုံးရေ ၅၀၀၀၀ ကျော်ကို ခိုးထုတ်သဖြင့် ဒဏ်ငွေကျပ် ၂၃ သိန်းပေးဆောင်ရန် အမိန့်ချမှတ်ခြင်းကို အကြောင်းပြုကာ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် **တတိယကျူးကျော်စစ်**ကို ကြေညာခဲ့ပြီး ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်၊ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်တွင် မြန်မာတစ်နိုင်ငံလုံးကို နယ်ချဲ့တို့က သိမ်းပိုက်လိုက်ကြောင်း ကြေညာခဲ့သည်။ မြန်မာ့ဦးစွန်းအနောက်သို့ ယွန်းခဲ့ရသည်။

ပထမ၊ ဒုတိယ၊ တတိယ နယ်ချဲ့-မြန်မာစစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ပါတော့သည်။ ကိုလိုနီနယ်ချဲ့တို့၏လက်အောက်တွင် မြန်မာနိုင်ငံအောက်ပိုင်းသည် ၁၂၃ နှစ်၊ မြန်မာနိုင်ငံ အထက်ပိုင်းသည် ၆၃ နှစ် ကျွန်သပေါက်ဘဝကျရောက်ခဲ့သော်လည်း လက်နက်အင်အား၊ လူအင်အားကွာခြားမှန်းသိပါလျက်နှင့် မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်များက ရှိသမျှအင်အား၊ ရသမျှလက်နက်များကိုစွဲကိုင်ကာ တွန်းလှန်ချေမှုန်းခဲ့ကြသည်။ **"သူ့ကျွန်ဘဝမှာ နေရတာထက် သေရတာက မြတ်တယ်"**ဟူသော မျိုးချစ်စိတ် ဇာတိသွေး၊ ဇာတိမာန်ထက်သန်စွာဖြင့် ခုခံတော်လှန်ခဲ့ကြသည်။

လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝမှ သူ့ကျွန်ဘဝကျရောက်ခဲ့ကြသော မြန်မာနိုင်ငံသူ၊ သော ရဲဘော်သုံးကျိပ်က စစ်ပညာများသင်ကြားခဲ့ကြပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA) ဖွဲ့စည်းကာ နယ်ချဲ့တို့ကို ရှုပ်ရှုပ်ချချတိုက်ထုတ်ခဲ့ကြသည်။ နယ်ချဲ့တို့သွေးကွဲအောင် သွေးခွဲနေသည့်ကြားမှ ဘက်ပေါင်းစုံက တွန်းလှန်တိုက်ထုတ်နေကြရင်းက ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးတို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် **ပင်လုံစာချုပ်**ကို ချုပ်ဆိုခဲ့ကြသည်။ ပင်လုံစာချုပ်သည် နယ်ချဲ့တို့ကို တုန်လှုပ်သွားစေခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ်၊ နု-အက်တလီစာချုပ်နှင့် ပင်လုံစာချုပ်များ၏ တွန်းအားပေးမှုများကြောင့် မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်(တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။

**❖ နယ်ချဲ့တို့သွေးကွဲအောင် သွေးခွဲနေသည့်ကြားမှ ဘက်ပေါင်းစုံက တွန်းလှန်တိုက်ထုတ်နေကြရင်းက ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်၂၃ ဦးတို့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀နာရီတွင် ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့ကြသည်။ ပင်လုံစာချုပ်သည် နယ်ချဲ့တို့ကို တုန်လှုပ်သွားစေခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ်၊ နု-အက်တလီစာချုပ်နှင့် ပင်လုံစာချုပ်များ၏ တွန်းအားပေးမှုများကြောင့် မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်(တနင်္ဂနွေနေ့)တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်။ ❖**

မြန်မာနိုင်ငံသားအပေါင်းသည် နယ်ချဲ့လက်အောက်တွင် လောကီငရဲမျိုးစုံကို ကြိတ်မှိတ်ခံစားခဲ့ကြရသည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများတွင် တစ်ဗိုလ်တက် တစ်ဗိုလ်ဆင်း၊ သားစဉ်မြေးဆက်၊ စဉ်ဆက်မပြတ် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့ကြသည်။ အသက်၊ သွေး၊ ချွေးများကိုမငဲ့ကွက်ကြဘဲ စွန့်လွှတ်စွန့်စားခဲ့ကြသည်။

နယ်ချဲ့တို့က မြန်မာတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို သွေးကွဲအောင် ယုတ်မာစွာသွေးခွဲခဲ့ကြသော်လည်း စည်းလုံးညီညွတ်စွာ ပြန်လည်တိုက်ထုတ်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးတိုက်ပွဲဝင်သမိုင်းတွင် ကချင်ပြည်နယ်မှ ဖုံကန်ဒူဝါနှင့် ဗိုလ်ဖိုးစော၊ ချင်းပြည်နယ်မှ ကွမ်ဘိနှင့်ရွှေချိုးဖြူမင်းသား၊ ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်နှင့် ဗိုလ်မင်းရောင်တို့သည် မော်ကွန်းဝင်ထွန်းပြောင်ခဲ့ကြသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် အချုပ်တန်းဆရာဖေ အစရှိသော မျိုးချစ်စာဆိုတော်ကြီးများကလည်း နှလုံးရည်တပ်သားကောင်းပီသစွာ ကလောင်လက်နက်ဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ဖတပလ(ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး)၊ ဖဆပလ(ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး) စသည့် လွတ်လပ်ရေးတိုက်ပွဲဝင်အဖွဲ့ကြီးများတွင် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားများ စသည့်လုပ်သားပြည်သူအားလုံးသည် ကျွန်ဘဝမှသခင်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် အသက်ကို မငဲ့ကွက်ဘဲ စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်

**မော်ကွန်းဝင် လွတ်လပ်ရေးနေ့အဖွင့်နိဒါန်း**

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရှေ့၌ ဗြိတိသျှယူနီယံဂျက်အလံကိုဖြုတ်ချခဲ့ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူခဲ့ကြသည်။ နံနက် ၄ နာရီ ၄၅ မိနစ်တွင် လွှတ်တော်အစည်းအဝေးခန်းမထဲ၌ နိုင်ငံတော်အာဏာလွှဲပြောင်းသည့်အခမ်းအနားဆက်လက်ကျင်းပခဲ့ကြရာ တိုင်းပြုပြည်ပြုလွှတ်တော်က ယာယီပါလီမန်ဖြစ်ပေါ်လာခဲ့ပြီး ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ယာယီသမ္မတ၊ ဦးနုက ယာယီဝန်ကြီးချုပ်ဖြစ်လာခဲ့ကြသည်။ နံနက် ၆ နာရီ မိနစ် ၃၀ တွင် အိမ်တော်၌ ဘုရင်ခံက အာဏာလွှဲပြောင်းပေးသည့်အခမ်းအနားကျင်းပခဲ့ပြီး နံနက် ၈ နာရီ မိနစ် ၂၀ တွင် အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့် ဇနီးတို့ ဘာမင်ဟန်သင်္ဘောဖြင့် မြန်မာပြည်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ထိုနေ့မှာပင် အပိုဒ် ခြောက်ပိုဒ်ပါသော **လွတ်လပ်ရေး ကြေညာစာတမ်း**ကို ကမ္ဘာသိကြေညာခဲ့ပြီး လွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကို အုတ်မြစ်ချခဲ့ကြသည်။ ထိုလွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်က မဟာဗန္ဓုလပန်းခြံထဲတွင် ဖွင့်လှစ်ခဲ့သည်။

ကမ္ဘာသိကြေညာခဲ့သော လွတ်လပ်ရေးကြေညာစာတမ်းကို ပြန်လည်သတိရကြသူများမှာ အနည်းစုသာဖြစ်သည်။ အများစုမှာ သတိရကြဖို့နေနေသာသာ လုံးဝပင် မသိကြပေ။ လွတ်လပ်ရေးကြေညာစာတမ်းတွင် အပိုဒ်ခြောက်ပိုဒ်ပါရှိရာ လိုရင်းအချုပ်ကိုကောက်နုတ်အသိပေးရင်း သတိပေးလိုသည်။

"ငါတို့လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီး၏ သစ္စာကို ကမ္ဘာဆုံးတိုင် မယိုင်မယိမ်းတည်မည်။"

"ငါတို့လွတ်လပ်ရေးကို ငါတို့ ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏လွတ်လပ်ရေးကိုလည်း ငါတို့လေးစားစောင့်စည်းမည်။"

"ငါတို့ ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့်အတူ လက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။"

"ငါတို့နိုင်ငံတော်ကြီးသည် မည်သူတစ်ဦး တစ်ယောက်၊ တစ်ဖွဲ့တစ်သင်း၏ အမွေအနှစ်မဟုတ်။ ပုဂ္ဂလိကပိုင်ပစ္စည်းမဟုတ်။ မည်သူတစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်းကမှ ချုပ်ကိုင်အနိုင်သိမ်းယူ အကျိုးခံစားအပ်သော နိုင်ငံမဟုတ်။"

"ငါတို့သည် တစ်မျိုးတစ်ဘာသာ၊ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကို မလိုလား။ ကျောသားရင်သား၊ သူကားငါကား ခွဲခြားခြင်းကို အလိုမရှိ။ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေ နေထိုင်ကြရာ မြန်မာနိုင်ငံတော်တစ်ဝန်းကို တစ်သွေးတစ်သားတည်းဟူသော အကျိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်းဟူသော အကျိုးထူး၊ အလိုအလျောက်သဘာဝအထောက်အပံ့ဖြင့်သာလျှင် ဖြစ်ပေါ်အပ်သော စေတနာတည်းဟူသော အကျိုးထူး၊ ဤအကျိုးထူးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင် ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ။"

"ငါတို့ ကြေညာချက်ကို တစ်ကမ္ဘာလုံး ကြားသိစေသတည်း။"

မြန်မာ့လွတ်လပ်ရေး ကြေညာစာတမ်းသည် ကြက်သီးမွေးညင်းထလာအောင် ဇာတိသွေးဇာတိမာန် ထက်သန်စေပြီး မျိုးချစ်စိတ်ကိုတိုးပွားစေကာ မြန်မာ့လွတ်လပ်ရေးကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန် ထာဝစဉ်လှုံ့ဆော်သတိပေးနေသည့်နှယ်ပင်တည်း။

အဆိုပါအခမ်းအနားတွင် ဖဆပလ အထွေထွေအတွင်းရေးမှူး ဦးဗဆွေက သစ္စာစိဋ္ဌာန် ကိုးချက်ကို တိုင်ပေးပြီး လူထုကြီးက လိုက်ဆိုခဲ့ကြရာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

အောင်စေသတည်း။ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက်၊ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် (တနင်္ဂနွေနေ့) ကောင်းမြတ်သောမင်္ဂလာအခါ၌ ငါတို့မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်သတည်း။

၁။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့အားလွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့၏ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းချိုတက်မည်၊

၂။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သော နိုင်ငံသားတို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏သစ္စာကို မသွေမဖည်စောင့်ထိန်းမည်၊

၃။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ လွတ်လပ်သောနိုင်ငံသားတို့၏ မှန်မြတ်သော အခွင့်အရေးကိုခံယူသည့်နည်းတူ လွတ်လပ်သောနိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်၊

၄။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟဖြင့် ရရှိပြီးသော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်သားကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်၊

၅။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံသားဟူသရွေ့ ကြီးငယ် နီးဝေးမခြားတစ်သွေးတစ်သားတည်းပြု၍ နည်းများ၊ နိမ့်မြင့် မရှိစေရ တူညီမျှပြုမည်၊

၆။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ သူတစ်ပါးကိုလည်း မတရားမပြု၊ ငါတို့အားမတရားပြုခြင်းကိုလည်းမခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်၊

စာမျက်နှာ ၅ သို့ ➤

## လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

## သမဝါယမအသင်းပိုင်ဆီစက်များ တည်ထောင်ပြီးစီးပါက ဆီစက် ၁၅ လုံးထိရှိလာမည်ဖြစ်ပြီး တစ်ရက်လျှင် စားသုံးဆီပိဿာချိန် ၆၀၀၀ ခန့်ထုတ်လုပ်နိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်တွင်းတွင် သမဝါယမအသင်းပိုင်ဆီစက်များ တည်ထောင်ပြီးစီးပါက ဆီစက် ၁၅ လုံးထိ ရှိလာမည်ဖြစ်ပြီး အဆိုပါသမဝါယမအသင်းပိုင် ဆီစက်များက တစ်ရက်လျှင် စားသုံးဆီပိဿာချိန် ၆၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေး၊ ပြည်သူများ၏လိုအပ်ချက်နှင့်ကိုက်ညီမည့်ထုတ်ကုန်များ ထုတ်လုပ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဝင်ငွေတိုးပွားရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြင့်မားလာစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် စီးပွားရေးမြင့်တက်လာစေရန်အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကျပ် ဘီလီယံ ၁၀၀ မှ ငွေကျပ် ၁၁ ဒသမ ၆၇၉ ဘီလီယံခန့်ကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့တို့၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ရှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကန်ထရိုက်လယ်ယာ၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု၊ အရောင်းဆိုင်၊ ဆန်စက်နှင့်ဆီစက် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုများအရ သမဝါယမအသင်းပိုင် ဆီစက်များ တည်ထောင်ပြီးစီးပါက သမဝါယမအသင်းပိုင်ဆီစက် ၁၅ လုံးထိ ရှိလာမည်ဖြစ်ကြောင်း၊ လက်ရှိတွင် သမဝါယမပိုင် ဆီစက်တစ်လုံးက တစ်ရက်လျှင် ပျမ်းမျှဆီပိဿာချိန် ၄၀၀ ခန့် ကြိတ်ခွဲထုတ်လုပ်နိုင်ကြောင်း သိရသည်။

SKL



➤ စာမျက်နှာ ၄ မှအဆက်

၇။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေကို ရိုသေစွာလိုက်နာကျင့်သုံးပါမည်၊

၈။ ငါတို့သည် ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်၊

၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကမ္ဘာအရှည်တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့သား၊ မြေးနောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေသတည်း

ဟူ၍ဖြစ်သည်။

လွတ်လပ်ရေးကျောက်တိုင်ပတ်ပတ်လည်တွင် လွတ်လပ်ရေးကြေညာစာတမ်း၊ သစ္စာဓိဋ္ဌာန် ကိုးချက်၊ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက်၊ သခင်နု၏ ပါလီမန်နှင့် လွတ်လပ်ရေးကျောက်တိုင်အုတ်မြစ်ချ မိန့်ခွန်းတို့ကို ကျောက်သားတွင် ထွင်းထုထား၍ ပြည်သူအများဖတ်ရှုနိုင်ကြသည်။ သို့သော် အချို့မှာ အမှုမဲ့အမှတ်မဲ့သာနေကာ ကျော်လွှားသွားကြသည်ကို ဝမ်းနည်းဖွယ်ရာမြင်တွေ့နေကြရသည်။ ထို့ကြောင့် လွတ်လပ်ရေးကြေညာစာတမ်းနှင့် လွတ်လပ်ရေးသစ္စာဓိဋ္ဌာန် ကိုးချက်ပါအချက်များနှင့် ယနေ့လက်ရှိအခြေအနေများကို စိစစ်သုံးသပ်ကြည့်ပါက ကိုက်ညီကြပါရဲ့လားဟု စဉ်းစားကြည့်ကြစေချင်သည်။

ခေတ်အဆက်ဆက် အစိုးရအသီးသီးတို့က နှစ်စဉ် လွတ်လပ်ရေးနေ့ ဝန်းကျင်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲများ၊ ပြပွဲပြိုင်ပွဲများ၊ သီဆိုကခုန်ဖျော်ဖြေမှုများကျင်းပပြုလုပ်ပေးနေခြင်းမှာ လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးများကို ပေးဆပ်ခဲ့ကြသူများ၏ ကျေးဇူးတရားမမေ့ကြစေရေးနှင့် သခင်ဘဝမှ ကျွန်ဘဝသို့ မရောက်စေရေးအတွက် တပ်လှန့်နှိုးဆော်ပေးနေခြင်းဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သော်လည်း ၁၉၄၈ ခုနှစ် မတ် ၂၈ ရက်တွင် စတင်တော်ခိုခဲ့ကြသော ကွန်မြူနစ်ပါတီတစ်နည်းအားဖြင့် စတင်ခဲ့သောပြည်တွင်းစစ်က လွတ်လပ်ရေးသက်တမ်းနှင့်အတူ သက်ဆိုးရှည်နေသည်မှာ နိုင်ငံနှင့်လူမျိုးကို အလွန်ပင်ထိခိုက်နစ်နာလှကြောင်း ပြည်သူအများနားလည် သဘောပေါက်နေကြသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး သူတစ်လူ ငါတစ်မင်း စစ်ခင်းနေကြသည့် ပြည်တွင်းစစ်များငြိမ်းအေးသွားကြပါမှ နိုင်ငံသာယာဝပြောပြီး နိုင်ငံနှင့်လူမျိုးလည်းအဓွန့်ရှည်တည်တံ့နေမည်ကို တိုင်းရင်းသားပြည်သူအားလုံး နှလုံးသွင်းဆင်ခြင်ကြရန် အထူးပင်လိုအပ်လှသည်။

အချုပ်ဆိုရလျှင်နေပူထဲရောက်မှ အေးရိပ်အာဝါသ၏တန်ဖိုးကို သိကြရသည်။ သူ့ကျွန်ဖြစ်မှ သခင်ဘဝကိုတမ်းတမိကြသည်။ ဒုက္ခကိုတွေ့မှ သုခ၏အရသာကို နှမြောနေမိကြသည်။ နွားကွဲသဖြင့် ကျားဆွဲခံကြရသည်။ ဇာတ်တူသားစားသဖြင့် ဟင်္သာကိုးသောင်းပျက်ကိန်းရှိခဲ့သည်။ သားစဉ်မြေးမြစ် ဆိုထုံးဖြစ်ခဲ့ကြသော သာဓကများ၊ စကားပုံများ၊ လမ်းညွှန်ချက်များ များစွာရှိရာ အလေးထားကြစေချင်သည်။

သို့ဖြစ်ရာ ကမ္ဘာသိကြေညာထားသော **လွတ်လပ်ရေးကြေညာစာတမ်း**နှင့်အညီ ထာဝရလွတ်လပ်ရေးအတွက် သွေးစည်းညီညွတ်စွာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ညီညာဖြဖြ ကြိုးပမ်းထမ်းရွက်ကြပါမှ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်သွားနိုင်မှာဖြစ်ကြောင်း စေတနာကောင်းဖြင့် ဆန္ဒမွန်ပြုလိုက်ရပါသည်။

## အမျိုးသားတေးနဲ့ သွေးဝင့်စို့

\- သူ့ကျွန်မခံ လွတ်မြောက်လမ်းတွက်
လက်ဆင့်ကမ်း တိုက်ပွဲဝင်၊
ရဲသွေးပြောင် ညီညွတ်စွမ်းကြောင့်
အောင်ပန်းကိုဆင်၊
သက်သွေးချွေး ရင်းကာပင်
ပြည့်ဝိညာဉ် လွတ်လပ်ရေး၊
အတားအဆီး အသွယ်သွယ်
ခါးသီးဖွယ် အတိတ်နွမ်းက
သင်ခန်းစာပေး။

\- ညီညွတ်စွာ ဂုဏ်ရည်ထု
စည်းလုံးမှု သက်သေပင်၊
လွတ်လပ်ကာ အေးချမ်းရမှ
"လွတ်လပ်မှု အနှစ်သာရ"ကို
ဒိဋ္ဌ သိမြင်၊
ဘိုးဘွားတို့ လက်ကမ်းအစဉ်
ထိန်းသိမ်းကာလျှင် ခွန့်ရှည်ရေး၊
တွဲလက်တွေ တင်းဆုပ်မြဲလေမှ
"နွားကွဲလျှင် ကျားဝင်ဆွဲ"လိမ့်
စွဲမှတ် ချင့်တွေး။

\- ညီညာမှ ပြည့်ဂုဏ်နန်း
လွတ်လပ်ပန်း ထုံဝင့်မယ်၊
ကိုယ့်လမ်းထွင် ကိုယ့်လမ်းဖောက်
စောင့်ရှောက် ကာကွယ်၊
"မြန်မာ"တဲ့ဟော့ ကမ္ဘာ့အလယ်
ဂုဏ်သတင်းကြွယ် ဝင့်ထည်ဖို့၊
ချစ်ခြင်းတရားနဲ့ အလှခြယ်
ပြည်ကျိုးရွယ် ထမ်းရွက်လို့
သွေးမကွဲကြစေနဲ့
အတွေးလွဲတွေ ပယ်ဖျောက်လို့
အောင်လံတော် အေးရိပ်အောက်မှာလ
ခလောက်ဆန် ဘုံရန်အပေါင်းကိုပေ့ါ
မောင်းထုတ်ကာ အမျိုးသားတေးနဲ့
ဟစ်ကြွေးညီ မျိုးဂုဏ်မြှင့်
သွေးဝင့်ကြစို့။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**

➤ **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။**

# နိုင်ငံတကာ သတင်းများ

## ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးမည်



**မော်စကို ဒီဇင်ဘာ ၂၉**

ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် ဒီဇင်ဘာ ၃၀ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဗီဒီယိုကွန်ဖရင့်ဆွေးနွေးပွဲတွင် ရုရှားသမ္မတ ပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများနှင့် ဒေသတွင်း ပြဿနာများအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း ရုရှား အစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စကော့ဗ်က ယနေ့တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ထို့ပြင် ဒီဇင်ဘာ ၃၀ ရက် ဗီဒီယိုကွန်ဖရင့် ဆွေးနွေးပွဲသည် ရုရှားနှင့်ပိုနီးသော၊ တရုတ်နှင့်ပိုနီးသော ဒေသတွင်းပြဿနာများနှင့် ပတ်သက်၍ အရေးကြီးသည့်အမြင် ချင်းဖလှယ်ဆွေးနွေးပွဲဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဒီမစ်ထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးများကိုစတင်ခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံနှင့်စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးဆက်ဆံမှုမြှင့်တင်ရန် ကြိုးပမ်းလာခဲ့သည်။

ယူကရိန်းပြဿနာကို အကြောင်းပြု၍ ရုရှားနှင့်အနောက်အုပ်စုတို့ကြား အခြေအနေတင်းမာနေချိန်တွင် တရုတ်နိုင်ငံသည် ရုရှားရေနံနှင့်သဘာဝဓာတ်ငွေ့များဝယ်ယူမှုကို မြှင့်တင်ခဲ့သလို ရုရှားနိုင်ငံကလည်း တရုတ်(တိုင်ပေ)နှင့်ပတ်သက်၍ တရုတ်အစိုးရ၏ ရပ်တည်ချက်ကို တရားဝင်ထောက်ခံမှုပေးထားသည်။

သို့သော် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ရုရှားနိုင်ငံ၏ ယူကရိန်းစစ်ဆင်ရေးများနှင့် ပတ်သက်၍ သဘောတွေ့ပုံမရကြောင်း သိရသည်။

KKO

## အငြိမ်းစားယူနိုင်မည့် အသက်အရွယ် ကန့်သတ်ချက် တူရကီသမ္မတ ပယ်ဖျက်

**အင်ကာရာ ဒီဇင်ဘာ ၂၉**

တူရကီသမ္မတ အာဒိုဂန်သည် အလုပ်သမားများ အငြိမ်းစားယူရမည့် အသက်အရွယ်ကန့်သတ်ချက်ကို ဒီဇင်ဘာ ၂၈ ရက်တွင် ပယ်ဖျက်ပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အငြိမ်းစားယူနိုင်မည့် အသက်အရွယ်ကန့်သတ်ချက်ကို ပယ်ဖျက်ခဲ့ခြင်းကြောင့် တူရကီအလုပ်သမား နှစ်သန်းကျော်တို့မှာ ရွေးကောက်ပွဲမကျင်းပမီ ခြောက်လခန့်အလိုတွင် အငြိမ်းစားယူခွင့်ရမည်ဖြစ်သည်။

ဝန်ထမ်းများအငြိမ်းစားယူနိုင်သည့်အသက်အရွယ်ကို ယခင်က အမျိုးသားဆိုလျှင် အသက် ၆၀၊ အမျိုးသမီးဆိုလျှင် ၅၈ နှစ်အဖြစ် တူရကီအစိုးရက သတ်မှတ်ထားသည်။

လူကြိုက်များသည့် မူဝါဒရေးရာ လုပ်ဆောင်မှုတစ်ရပ်ဖြစ်သည့် အငြိမ်းစားယူနိုင်မည့်အသက်အရွယ်ကန့်သတ်ချက် ပယ်ဖျက်မှုကို တူရကီသမ္မတရုံးက ဒီဇင်ဘာ ၂၈ ရက်တွင် ကြေညာချက်ထုတ်ပြန်အတည်ပြုထားသည်။

သမ္မတ အာဒိုဂန်၏ လက်ရှိအာဏာရ အေကေပါတီသည် ငွေကြေးဖောင်းပွမှုပြဿနာကြောင့် ကျဆင်းခဲ့ရသည့် ပြည်သူ့ထောက်ခံမှုနှုန်းကို ပြန်လည်မြှင့်တင်ရေးအတွက် ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း အလုပ်သမားများ၏ အနည်းဆုံးလုပ်ခလစာကို မြှင့်တင်ပေးခဲ့သည်။

လက်ရှိအချိန်တွင် တူရကီနိုင်ငံ၌ အငြိမ်းစားဝန်ထမ်းပေါင်း ၁၃ ဒသမ ၉ သန်းထိ ရှိကြောင်း သိရသည်။

KKO

## ကမ္ဘောဒီးယားနိုင်ငံ၌ ကာဆီနို လောင်းကစားရုံ မီးလောင်မှုဖြစ်ပွား အနည်းဆုံး လူ ၁၀ ဦးသေဆုံး၍ အများအပြားပိတ်မိနေ

**ဖနွမ်းပင် ဒီဇင်ဘာ ၂၉**

ကမ္ဘောဒီးယားနိုင်ငံ ပွိုင်ပက်နယ်စပ်မြို့ရှိ ကာဆီနိုလောင်းကစားရုံတစ်ခု၌ ယနေ့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ထို့ပြင် မီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် ကာဆီနို၏ အဆောက်အအုံအတွင်း လူအများအပြား ပိတ်မိလျက်ရှိရာ ပိတ်မိနေသူများကို ကယ်ထုတ်နိုင်ရေးအတွက် ကမ္ဘောဒီးယားကယ်ဆယ်ရေးသမားများမှာ ခက်ခက်ခဲခဲကြိုးပမ်းနေရသည်။



မီးလောင်မှု ဖြစ်ပွားချိန်တွင် ကာဆီနို၏အတွင်း လူပေါင်းမည်မျှ ပိတ်မိနေသည်ကို မသိရသေးကြောင်း၊ လက်ရှိအချိန်တွင် ပိတ်မိနေသူများ၏အသက်ကို ကယ်တင်ရေးအတွက် အဓိကထား ကြိုးပမ်းနေကြောင်း ကမ္ဘောဒီးယားပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂရန်းဒိုင်းမွန်းစီးတီး အမည်ရှိ အဆိုပါ ကာဆီနိုနှင့်ဟိုတယ်တို့၌ ဝန်ထမ်းပေါင်း ဦးရေ ၄၀၀ ခန့်ထိ ရှိနိုင်ကြောင်း သိရသည်။

ဂရန်းဒိုင်းမွန်းစီးတီး ကာဆီနို၏ မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို မသိရသေးကြောင်း သိရသည်။

ထိုင်းနယ်စပ်အနီးတည်ရှိသော ဂရန်းဒိုင်းမွန်းစီးတီး ကာဆီနို၏သည် ထိုင်းခရီးသွားဧည့်သည်များ အလာများသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ကာဆီနို လောင်းကစားလုပ်ငန်းသည် ကမ္ဘောဒီးယားစီးပွားရေးအတွက် အရေးပါပြီး လောင်းကစားမှုပိတ်ပင်ထားသည့် အာရှနိုင်ငံများမှ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နေသောနေရာများဖြစ်ကြကြောင်း သိရသည်။ KKO

## တောင်ကိုရီးယား အမြန်လမ်းတစ်ခုပေါ်၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူငါးဦးသေဆုံး

**ဆိုးလ် ဒီဇင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ အမြန်လမ်းတစ်လမ်းပေါ်၌ ယနေ့တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦး သေဆုံး၍ ဦးရေ ၄၀ ခန့် ဒဏ်ရာများရရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် ဆိုးလ်မြို့အနီး ဒုတိယကျောက်ဂျင်း အမြန်လမ်း တံတားတစ်စင်းပေါ်ရှိ နေဒဏ်ကာ အသံလုံဥမင်လမ်းအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒုတိယကျောက်ဂျင်းအမြန်လမ်းပေါ်၌ ယာဉ်သွားယာဉ်လာများပြားနေစဉ် အဆိုပါ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် မော်တော်ယာဉ်များမှာ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ နေရာကို ခက်ခက်ခဲခဲရှောင်တိမ်းမောင်းနှင်ခဲ့ကြရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုသည် နေဒဏ်ကာ ဥမင်လမ်းအတွင်း ဘတ်စကားတစ်စီးနှင့် ကုန်တင်ယာဉ်တစ်စီးတို့ ဝင်တိုက်မှုကြောင့် စတင်ဖြစ်ပွားရခြင်း ဖြစ်ကြောင်း တောင်ကိုရီးယားပြည်တွင်းမီဒီယာများ၏ အဆိုအရ သိရသည်။

သို့ရာတွင် မီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း တောင်ကိုရီးယား မီးသတ်ဌာနတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒုတိယကျောင်ကျင်းအဝေးပြေးလမ်းမီးလောင်မှုအတွင်း မော်တော်ယာဉ် ၄၄ စီးမီးလောင်ပျက်စီးခဲ့ပြီး လူငါးဦးသေဆုံး၍ အနည်းဆုံး ၃၇ ဦး ဒဏ်ရာများ ရခဲ့ကြောင်း သိရသည်။ KKO



## တူရကီနှင့်ဆီးရီးယားကာကွယ်ရေးဝန်ကြီးများ ရုရှားနိုင်ငံ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေး

**အင်ကာရာ ဒီဇင်ဘာ ၂၉**

တူရကီနှင့် ဆီးရီးယားကာကွယ်ရေးဝန်ကြီးများနှင့် ထောက်လှမ်းရေးအကြီးအကဲများသည် ဒီဇင်ဘာ ၂၈ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲသည်၁၀နှစ်ကြာ ဆီးရီးယားပြည်တွင်းစစ်ကို အကြောင်းပြု၍ တင်းမာခဲ့ရသည့် တူရကီနှင့်ဆီးရီးယားနှစ်နိုင်ငံဆက်ဆံရေးအခြေအနေပုံမှန်အနေအထားသို့ တဖြည်းဖြည်းရောက်လာသည့် သဘောကိုပြသလျက်ရှိသည်။

တူရကီ ကာကွယ်ရေးဝန်ကြီး ဟူလူစီအက်ကာနှင့် အမျိုးသားထောက်လှမ်းရေးအဖွဲ့ အကြီးအကဲတို့သည် မော်စကိုမြို့၌ ဆီးရီးယားကာကွယ်ရေးဝန်ကြီး အလီမာမွတ်အဘတ်စ်၊ ထောက်လှမ်းရေးအကြီးအကဲ အလီမပ်လော့ခ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှွိဂူးလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

တူရကီနှင့် ဆီးရီးယားကြား သံတမန်ဆက်ဆံရေး အရှိန်ကိုမြှင့်တင်ရေးအတွက် တူရကီ-ဆီးရီးယား-ရုရှား သုံးနိုင်ငံလုပ်ငန်းယန္တရားစနစ်တစ်ရပ် ထားရှိရန် တူရကီသမ္မတ အာဒိုဂန်က ရုရှားသမ္မတပူတင်ကို အဆိုပြုထားသည်။

ထို့ပြင် ဆီးရီးယားသမ္မတ အာဆတ်နှင့် တွေ့ဆုံဆွေးနွေးလိုသည်ဟု တူရကီသမ္မတက ယခုလအတွင်း ပြောကြားထားကြောင်း သိရသည်။ KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းနိုင်ငံမြောက်ပိုင်းတွင် ထိုးစစ်သစ်တစ်ရပ်ဆင်နွှဲရန် ရုရှားပြင်ဆင်နေ



ယူကရိန်းပဋိပက္ခ၏ ပထမနှစ်ပတ်လည်နီးကပ်လာချိန်၌ ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံမြောက်ပိုင်းတွင် ထိုးစစ်သစ်တစ်ရပ်ဆင်နွှဲရန်စတင်ပြင်ဆင်နေကြောင်း စစ်ပွဲလေ့လာသုံးသပ်ရေး အင်စတီကျု (ISW) က ထုတ်ပြန်ထားသော စာရွက်စာတမ်းများအရ သိရသည်။

အဆိုးဆုံးအခြေအနေဟု ဖော်ပြထားသည့် ဖြစ်နိုင်ခြေရှိသော ထိုးစစ်ဆင်တိုက်ခိုက်မှုသစ်တစ်ရပ်ကို အိမ်နီးချင်းဘီလာရုစ်နိုင်ငံဘက်ခြမ်းမှစတင်လိမ့်မည်ဟု ISW က ကောက်ချက်ချသုံးသပ်ထားသည်။

နှစ်ဖက်စလုံးက အခိုင်အမာထုတ်ဖော်ပြောကြားထားသည့် ပူးပေါင်းစစ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ်မဟုတ်ဘဲ အသစ်ပြန်လည်စတင်မည့် ထိုးစစ်အတွက် ပြင်ဆင်မှုများအနေဖြင့် စစ်ရေးစွမ်းအား တည်ဆောက်နေမှုဟုဆိုလျှင် ပိုမိုအဓိပ္ပာယ်ရှိကြောင်း ISW က ရေးသားဖော်ပြသည်။

ရုရှားသည် ယခုနှစ် အောက်တိုဘာလကတည်းက ယူကရိန်းမြောက်ပိုင်းကို ထိုးစစ်ပြန်လည်စတင်ရန် ရည်ရွယ်သည့် အန္တရာယ်အရှိဆုံး စစ်ရေးလှုပ်ရှားမှုသစ်အတွက် အခြေအနေများကို ချမှတ်အကောင်အထည်ဖော်နေသည်ဟု အစီရင်ခံစာက ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီလကတည်းက ရုရှားနိုင်ငံသည် အနောက်နိုင်ငံများက လက်နက်များ ပံ့ပိုးပေးသော ယူကရိန်း၏ တန်ပြန်ထိုးစစ်များကြောင့် ဆုံးရှုံးမှုတချို့ ကြုံတွေ့ခဲ့ရသည်။ ရုရှားစစ်သည်ဦးရေ ၆၃၀၀၀ ထက်မနည်းသေဆုံးခဲ့ပြီး ပဋိပက္ခအတွင်း ထောင်နှင့်ချီသောလက်နက်များနှင့် ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း အနောက်အုပ်စုသတင်းမီဒီယာနှင့် ယူကရိန်းမီဒီယာများက ရေးသားထားကြသည်။ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများနှင့်နှိုင်းယှဉ်လျှင် ဆယ်ဆခန့်ကွာဟချက်ရှိနေ၍ အတည်ပြုနိုင်ခြင်းမရှိပေ။

ရုရှားစစ်ဘက် တပ်မှူးဟောင်း Igor Girkin ၏အဆိုအရ ဘီလာရုစ်တွင် စစ်ရေးစွမ်းအားတည်ဆောက်မှုသည် ဖြစ်နိုင်ခြေရှိသော ထိုးစစ်ဆင်မည့်လမ်းကြောင်းနှစ်ခု ထွက်ပေါ်လာနိုင်ကြောင်း သုံးသပ်ထားသည်။ ရုရှားနိုင်ငံသည် နယ်မြေပိုမိုသိမ်းပိုက်ထိုးစစ်ဆင်ရန် ဘီလာရုစ်နိုင်ငံမှ ဝင်ရောက်လာနိုင်ကြောင်း သို့မဟုတ် ၎င်းကို ယူကရိန်းတပ်ဖွဲ့ဝင်များအား အဓိကကျသောတိုက်စစ်မှ အာရုံပြောင်းထားရန် ယောင်ပြနည်းဗျူဟာအဖြစ်လည်း အသုံးပြုနိုင်ကြောင်း ရုရှားစစ်ဘက်တပ်မှူးဟောင်း Igor Girkin က ပြောကြားခဲ့သည်။

ယခုအချိန်ထိ ရုရှားနိုင်ငံသည် ယူကရိန်းရှိ ဒေသလေးခုဖြစ်သည့် Donetsk၊ Luhansk၊ Kherson နှင့် Zaporizhzhia တို့ကို သိမ်းပိုက်ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။ သို့သော်လည်း ရုရှားနိုင်ငံသည် မည်သည့်ဒေသကိုမျှ အပြည့်အဝထိန်းချုပ်နိုင်ခြင်းမရှိသေးဘဲ နိုဝင်ဘာလတွင် ကာကွယ်ရေးဝန်ကြီး Sergei Shoigu က ရက်သတ္တပတ်များစွာ တန်ပြန်ထိုးစစ်ဆင်နွှဲလာခဲ့သော ယူကရိန်းတပ်များ ချိတက်သိမ်းပိုက်ခဲ့သည့် Kherson မြို့မှ တပ်ဖွဲ့များကို ဆုတ်ခွာရန်အမိန့်ပေးခဲ့ကြောင်း သိရသည်။

**Russia Preparing for New Invasion in Northern Ukraine: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## တောင်ကိုရီးယားစစ်ဘက်က မြောက်ကိုရီးယားဒရုန်းအများအပြားကို ပစ်ချရန်ပျက်ကွက်မှုအတွက် ပြည်သူများကိုတောင်းပန်

ယခုသီတင်းပတ်အစောပိုင်းက နယ်စပ်ဖြတ်ကျော်လာသော မြောက်ကိုရီးယားဒရုန်းအများအပြားကိုပစ်ချရန် ပျက်ကွက်ခဲ့ပြီးနောက် တောင်ကိုရီးယားစစ်ဘက်က ၎င်း၏နိုင်ငံသားများကို တောင်းပန်ခဲ့ကြောင်း ဒီဇင်ဘာ ၂၈ ရက်က ထုတ်ပြန်ခဲ့သည်။

အဆိုပါဖြစ်ရပ်သည် လူအများကို ကြောက်ရွံ့ထိတ်လန့်စေခြင်း ဖြစ်စေကြောင်းနှင့် အနာဂတ်တွင် ပိုမိုပြင်းထန်သောတုံ့ပြန်မှုကို လုပ်ဆောင်သွားမည်ဟု ကတိပြုပါကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

တောင်ကိုရီးယားစစ်ဘက်၏ ပူးတွဲစစ်ဦးစီးချုပ်များ(JCS)ရုံး၏ စစ်ဆင်ရေးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Kang Shin-chul က ဒီဇင်ဘာ ၂၇ ရက်က ထုတ်ပြန်ချက်တစ်ခုတွင် ဒရုန်းများဝင်ရောက်လာမှုနှင့်ပတ်သက်၍ တောင်ကိုရီးယား၏ စစ်ရေးပြင်ဆင်မှုတွင် အားနည်းချက်များဟု မှတ်ချက်ပေးခဲ့သည်။

"ကျွန်တော်တို့စစ်ဘက်က ဒရုန်းတွေကို ထောက်လှမ်း၊ ခြေရာခံနိုင်ခဲ့ပေမဲ့ ပစ်ချဖို့ပျက်ကွက်ခဲ့တဲ့အတွက် စိတ်မကောင်းပါဘူး။ နောက်ဆုံးမှာ တပ်မတော်ရဲ့တိုက်ပွဲဝင်အသင့်အနေအထားမလုံလောက်မှုကြောင့် ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုကြုံတွေ့ခဲ့ရပါတယ်"ဟု ဒုတိယဗိုလ်ချုပ်ကြီး Kang Shin-chul က ပြောကြားခဲ့သည်။

မြောက်ကိုရီးယား ဒရုန်းငါးစင်းသည် ကိုရီးယား နှစ်နိုင်ငံကို ပိုင်းခြားထားသည့် စစ်ဘက်ဆိုင်ရာနယ်နိမိတ်မျဉ်းကို ဖြတ်ကျော်ခဲ့ပြီး အချို့မှာ ဆိုးလ်မြို့တော်ထိ ပျံသန်းသွားခဲ့ကာ ၎င်း၏လေပိုင်နက်တွင် နာရီပေါင်းများစွာဝဲပျံနေခဲ့ကြောင်း သတင်းများတက်လာခဲ့ပြီးနောက် အဆိုပါတောင်းပန်စကား ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မောင်းသူမဲ့ဒရုန်း (UAVs) များကို ဖြိုခွင်းရန်ကြိုးပမ်းမှုတွင် လေယာဉ်အများအပြားပျံတက်သွားခဲ့ပြီး ၂၀ မမ စက်သေနတ်ကျည် ၁၀၀ ကျော် ပစ်ခတ်ခဲ့ကြောင်း၊ သို့သော် ပစ်ချနိုင်ခဲ့ခြင်းမရှိဘဲ တစ်ဖက်ကလည်း အရပ်သားအဆောက်အအုံများကို မတော်တဆထိမှန်ပျက်စီးမည်စိုး၍ဖြစ်သည်ဟု ဒေသခံမီဒီယာများက ဖော်ပြခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ Yoon Suk-yeol က ဒီဇင်ဘာ ၂၇ ရက် အစောပိုင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် မောင်းသူမဲ့ဒရုန်းဖြစ်ရပ်သည် စစ်ဘက်အတွက် တိုက်ပွဲဝင်အသင့်ဖြစ်မှု အလွန်အားနည်းနေကြောင်းပြသနေခြင်းဖြစ်သည်ဟု ဝေဖန်ပြောဆိုခဲ့သည်။

"အဆင့်မြင့်ဒရုန်းတွေကို ဖြန့်ကြက်အသုံးပြုတာက ကျွန်ုပ်တို့ရဲ့ စောင့်ကြည့်ထောက်လှမ်းရေးနဲ့ ကင်းထောက်စွမ်းရည်ကို အားကောင်းစေပါမယ်"ဟု တောင်ကိုရီးယားသမ္မတ Yoon Suk-yeol က ကတိပြုခဲ့ပြီး UAV များအတွက် ရည်စူးထားသောအထူးတပ်ဖွဲ့တစ်ခု ဖွဲ့စည်းတည်ထောင်ရန်တောင်းဆိုခဲ့ကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်ကြီး Kang Shin-chul ကလည်း ဒရုန်းတိုက်ခိုက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အစီအမံသစ်များကတိပြုခဲ့သည်။ တောင်ကိုရီးယားသည် အနာဂတ်မိမိတို့လေပိုင်နက်ကို ချိုးဖောက်ဝင်ရောက်လာမှုများ ပြင်းပြင်းထန်ထန် တုံ့ပြန်ရန်အတွက် တိုက်ခိုက်ရေးပစ္စည်းများကို အသုံးပြုသွားမည်ဖြစ်ပြီး အချိန်အခါအလိုက် လေ့ကျင့်မှုများပြုလုပ်ကာ မောင်းသူမဲ့ဒရုန်းများကိုပစ်ချရန်အတွက် လက်နက်သစ်များ ထပ်မံဝယ်ယူမည်ဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး Kang Shin-chul က ပြောကြားခဲ့သည်။

အရပ်ဘက်အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုကို ရှောင်ရှားရန်အတွက် စစ်ဘက်သည် မောင်းသူမဲ့ဒရုန်းများကို တန်ပြန်ကိုင်တွယ်ဖြေရှင်းရန် Non-Kinetic စနစ်များ တစ်နည်းအားဖြင့် အီလက်ထရွန်နစ်စစ်ဆင်ရေးသုံးနည်းလမ်းများကို အများဆုံးအသုံးပြုသွားမည်ဟု ဒုတိယဗိုလ်ချုပ်ကြီး Kang Shin-chul က ပြောကြားခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံကြား တင်းမာမှုများမြင့်တက်နေချိန်တွင် ယခုသီတင်းပတ်၏ ဒရုန်းဖြစ်ရပ်သည် တောင်ကိုရီးယားနှင့် အမေရိကန်တို့ လေ့ကျင့်မှုများဖြင့်ပျာယာခတ်နေသည့်ကြားတွင် မြောက်ကိုရီးယားသည် လက်နက်စမ်းသပ်မှု စံချိန်တင်အရေအတွက်ကို ယခုနှစ်တွင် ပြုလုပ်နိုင်ခဲ့သည်။

လေပိုင်နက်အတွင်း နောက်ထပ်ကျူးကျော်ဝင်ရောက်လာမှုသည် ဒီဇင်ဘာ ၂၇ ရက်ကဖြစ်ပေါ်လာခဲ့ပြီး ၎င်းတွင် တောင်ကိုရီးယားသည် UAV များဟု ကနဦးယူဆထားသည့်အရာကို ကြားဖြတ်ဟန့်တားရန် စစ်လေယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များကို ဖြန့်ကြက်ခဲ့သည်။

**South Korea apologizes for response to drone incident ကို ဘာသာပြန်ဆိုထားပါသည်။**



**မင်းမျိုး**

## နိုင်ငံတကာ အားကစားသတင်းများ

### ပရီးမီးယားလိဂ်ပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်များ

M L

**ဝုဗ် Vs မန်ယူ**

**ကစားမည့်ရက်/အချိန် ၃၁-၁၂-၂၀၂၂ (ည ၀၇:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မန်ယူ ၀ - ၁ ဝုဗ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဗ် | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| မန်ယူ | – | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

ဝုဗ်အသင်းဟာ နည်းပြသစ်လက်ထက်မှာ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲရထားပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့ပါတယ်။ မန်ယူအသင်းကတော့ ကစားသမားစုဖွဲ့မှုကောင်းပြီး တိုက်စစ်ပိုင်း တိုးတက်လာပေမဲ့ အဝေးကွင်းခံစစ်ပိုင်းက စိတ်မချရသေးပါဘူး။ နှစ်သင်းစလုံး ဒဏ်ရာရကစားသမားများနေပေမဲ့ အိမ်ရှင်ဝုဗ်ကိုပဲ အားပေးသွားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဝုဗ် ၁ - ၁ မန်ယူ**

---

**မန်စီးတီး Vs အဲဗာတန်**

**ကစားမည့်ရက်/အချိန် ၃၁-၁၂-၂၀၂၂ (ည ၀၉:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အဲဗာတန် ၀ - ၁ မန်စီးတီး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | – | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| အဲဗာတန် | – | အိမ်(သရေ) | အိမ်(နိုင်) | အိမ်(ရှုံး) |

ပရီးမီးယားလိဂ်ရဲ့ တိုက်စစ်အကောင်းဆုံးအသင်းဖြစ်တဲ့ မန်စီးတီးအသင်းအနေနဲ့ ချန်ပီယံဆုကို ကာကွယ်ဖို့ ရမှတ်လိုနေသေးတာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရဖို့ ဖိအားပေးလာမှာပါ။ အဲဗာတန်အသင်းကတော့ အဓိကတိုက်စစ်မှူးတွေ ဒဏ်ရာရနေတာကလဲ အဓိကထိုးနှက်ချက်ဖြစ်နေပါတယ်။ ဒါကြောင့် အိမ်ရှင်မန်စီးတီးအသင်းပဲ အနိုင်ပြတ်သားသွားမှာပါ။

**အင်တာနက်ခန့်မှန်း - မန်စီးတီး ၃ - ၁ အဲဗာတန်**

---

**ဘရိုက်တန် Vs အာဆင်နယ်**

**ကစားမည့်ရက်/အချိန် ၃၁-၁၂-၂၀၂၂ (ည ၁၂:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အာဆင်နယ် ၁ - ၃ ဘရိုက်တန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | – | ဝေး(သရေ) | ဝေး(သရေ) | ဝေး(နိုင်) |
| အာဆင်နယ် | – | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(နိုင်) |

ဘရိုက်တန်အသင်းဟာ နောက်ဆုံးအိမ်ကွင်းပွဲစဉ်မှာတော့ အေဗီလာအသင်းကို ရှုံးနိမ့်ခဲ့ပါတယ်။ ဒီရာသီမှာ မန်ယူကိုသာ ရှုံးထားတဲ့အာဆင်နယ်ကတော့ ချန်ပီယံဆုရဖို့အတွက် အခုပွဲစဉ်ကို တိုက်စစ်မြှင့်ပြီး ရမှတ်ရှာဖွေလာမှာပါ။ ဒါ့ပြင်အခုပွဲစဉ်မှာ ဘရိုက်တန်က ကာစီဒိုပွဲပယ်ဖြစ်ဒဏ်ကြောင့်မပါနိုင်လို့ သွင်းဂိုးရဖို့လွယ်ကူသွားမဲ့ အာဆင်နယ်ကို ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘရိုက်တန် ၁ - ၂ အာဆင်နယ်**

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းက ကွင်းလယ်ကစားသမား ဗာရက်ဗ်တီကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့သည့် တိုက်စစ်မှူး ဂတ်ပိုအနေဖြင့် ကျောနံပါတ် ၁၈ ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။
- ရိုးမားအသင်းက ပီအက်စ်ဂျီအသင်းမှ အငှားခေါ်ယူထားသည့် ဝင်နယ်ဒန်ကို အပြီးသတ်ခေါ်ယူခွင့်ပါရှိသော်လည်း ကစားသမား၏ ကြံ့ခိုင်မှု အခြေအနေကြောင့် ရာသီကုန်တွင် ပြန်လည်စေလွှတ်ရန်စီစဉ်နေကြောင်း သိရသည်။

ML

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့သည်။

ဦးစွာ တတိယလုပွဲစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး၊ သုံးဂိုးဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဗိုလ်လုပွဲစဉ်အပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ စတုတ္ထဆုရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာစိုးဝင်းက ဂုဏ်ပြုဆုငွေကျပ် ငါးသိန်း၊ တတိယဆုရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်း ဆုဆွဲပြားနှင့် ဂုဏ်ပြုဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က တစ်ဦးချင်းဆုဆွဲပြားနှင့်ဂုဏ်ပြုဆုငွေကျပ် ၁၅ သိန်း၊ ပထမဆုရရှိသော အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက တစ်ဦးချင်းဆု ဆွဲပြား၊ ဂုဏ်ပြုဆုငွေကျပ်သိန်း ၂၀ နှင့်တံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ STA

## United Cup တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်အသင်းက ချက်အသင်းကို အနိုင်ရရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၂၉**

သြစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် United Cup တင်းနစ်ပြိုင်ပွဲအဖြစ် အမေရိကန် တင်းနစ်အသင်းနှင့် ချက်တင်းနစ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ အမေရိကန်အသင်းက ၂-၀ ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Stuff သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်ဦးချင်းပွဲစဉ်အဖြစ် အမေရိကန်အဆင့် (၁) တင်းနစ် ကစားသမား တေလာဖရစ်ဇ်ကချက်တင်းနစ်အသင်းမှ လီဟက်ကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး တေလာဖရစ်ဇ်က (၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် အမေရိကန်အသင်းက ၁-၀ ရလဒ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယတစ်ဦးချင်းပွဲစဉ်အဖြစ် အမေရိကန်အသင်းမှ တင်းနစ်မယ် မက်ဒီဆင်ကီးက ချက်တင်းနစ်မယ် ဘောက်ဇ်ကိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ မက်ဒီဆင်ကီးက (၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာအမေရိကန်အသင်းက နှစ်ပွဲပြတ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

တေလာဖရစ်ဇ်က"ကျွန်တော့်အတွက် နိုင်ငံကိုယ်စားပြုအနေနဲ့ နိုင်ငံအသင်းအတွက် ပထမဆုံး ပွဲထွက်ကစားခွင့်ရခဲ့တဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ပထမဆုံး ပွဲထွက်ကစားခွင့်ရတဲ့ ပွဲစဉ်ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ အသင်းသားတွေအားလုံး အကောင်းဆုံးကြိုးစားပြင်ဆင်ထားသလို ပြိုင်ပွဲမှာလဲ အကောင်းဆုံး လုပ်နိုင်ခဲ့ကြတယ်။ နှစ်ပွဲပြတ်ရလဒ်နဲ့ အနိုင်ရခဲ့လို့ နှစ်ယောက်တွဲပွဲစဉ်ကစားစရာမလိုခဲ့ဘူး။ ကျွန်တော့်အနေနဲ့နောက်ကနေ လိုက်ကစားရတဲ့အခြေအနေမှာ ကောင်းမွန်တဲ့ စပေးဘောတွေနဲ့ အနိုင်ရလဒ်ရအောင် ပြန်ရှာနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ဒီပွဲစဉ်မှာ စပေးဘောတွေကြောင့် အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## ပရီးမီးယားလိဂ် ၁၄ ပွဲတွင် သွင်းဂိုး ၂၀ ပြည့်ခဲ့သည့် တိုက်စစ်မှူးအဖြစ် ဟာလန်းမှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၂၉**

ပရီးမီးယားလိဂ်ပွဲစဉ် (၁၇) အဖြစ် လိဒ်အသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး ဟာလန်းသည် ပွဲကစားမှု အနည်းဆုံးဖြင့် ပရီးမီးယားလိဂ် သွင်းဂိုး ၂၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မန်စီးတီးအသင်းက အိမ်ရှင်လိဒ်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၅ မိနစ်တွင် ရိုဒရီ၊ ပွဲချိန် ၅၁ မိနစ်နှင့် ၆၄ မိနစ်တို့တွင် ဟာလန်းတို့၏ သွင်းဂိုးကြောင့် သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ် ၁၄ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၂၀ ပြည့်မြောက်ခဲ့ကာ သမိုင်းတစ်လျှောက် ပွဲကစားမှုအနည်းဆုံးဖြင့် ဂိုး ၂၀ ပြည့်မြောက်သည့် ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ် သမိုင်းတစ်လျှောက်တွင် ပွဲကစားမှုအနည်းဆုံးဖြင့် သွင်းဂိုး၂၀ ပြည့်မြောက်သည့် ကစားသမားစာရင်း ၁၀ ဦးစာရင်းတွင် မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းက ၁၄ ပွဲဖြင့် အဆင့်(၁)၊ လက်စတာအသင်း ကစားသမားဟောင်း ကီဗင်ဖီးလစ်က ၂၁ ပွဲဖြင့် အဆင့်(၂)၊ အန်ဒရီကိုးလ်က ၂၃ ပွဲဖြင့် အဆင့်(၃)၊ နစ္စတယ်ရှိုင်း၊ ဒီယေဂိုကော်စတာ၊ ရီဘိုအာတို့က၂၆ ပွဲစီဖြင့် အဆင့်(၄)၊ ဖာနန်ဒိုတောရက်စ်က ၂၇ ပွဲဖြင့် အဆင့်(၅)၊ အလန်ရှီးယားက ၂၉ ပွဲဖြင့် အဆင့်(၆)၊ အဂူရိုက ပွဲ ၃၀ ဖြင့် အဆင့်(၇) နေရာတွင် အသီးသီးရပ်တည်လျက်ရှိသည်။



မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် တိုက်စစ်မှူး ဟာလန်းကို ခေါ်ယူပြီးနောက် တိုက်စစ်ပိုင်းထက်မြက်လာခဲ့သဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၅ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၄၃ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ ရမှတ် ၃၅ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၂) တွင် ရပ်တည်နေကြောင်း သိရသည်။

ML

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(ဘီ)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် ပြိုင်ပွဲဝင် အားကစားသမားများက နိုင်ငံတော်သီချင်းသီဆိုခြင်းနှင့် အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆိုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် အခမ်းအနားတက်ရောက်လာကြသည့် တာဝန်ရှိသူများက ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့မှစတင်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ရွေးပြိုင်ပွဲရုံ၌ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ချဲလ်ဆီးအသင်းက အန်ဇိုဖာနန်ဒက်စ်ကို ခေါ်ယူရန် ယူရို သန်း ၁၂၀ ဖြင့် ကမ်းလှမ်း

**လန်ဒန် ဒီဇင်ဘာ ၂၉**

ချဲလ်ဆီးအသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့သည့် ဘင်ဖီကာအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်ကို လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့တွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၂၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်း အနေဖြင့် စာချုပ်သက်တမ်း ကုန်ဆုံးရန် ခြောက်လသာ ကျန်ရှိတော့သည့် ကွင်းလယ်ကစားသမား ကန်တီနှင့် ဂျော်ဂျင်ဟိုတို့ကို စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း သက်တမ်းတိုးရန် အစီအစဉ်မရှိဘဲ ဘင်ဖီကာအသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ခြေစွမ်းပြသနိုင်ခဲ့သည့် လူငယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်ကိုသာ ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ အန်ဇိုဖာနန်ဒက်စ်သည် ယခုနှစ်ဘောလုံးရာသီ ဘင်ဖီကာအသင်း ကွင်းလယ်ပိုင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့ပြီး ၁၉၈၆ ခုနှစ်နောက်ပိုင်း ဝေးကွာနေသည့် ချန်ပီယံဆုဖလား ရရှိရန် အဓိက ပါဝင်ကူညီပေးနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ် အသင်းကြီးများဖြစ်သည့် လီဗာပူးနှင့် မန်ယူအသင်းတို့၏ စိတ်ဝင်စားမှုကို ခံခဲ့ရသည်။

ထို့ပြင် ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်သည် ကမ္ဘာ့ဖလားဖိုင်နယ်ပွဲစဉ်တွင် ဘောလုံးထိချက်ပေါင်း ၁၁၈ ကြိမ်၊ ပြိုင်ဘက်ကို ကျော်ဖြတ်နိုင်မှု ၇၇ ကြိမ်၊ ဘောလုံးဖြတ်ထုတ်နိုင်မှု ၁၀ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ML

# Gira de Golf Professional de Mexicana ပြိုင်ပွဲရလဒ်များကို ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ထည့်သွင်းပေးမည်ဟု OWGR ထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၂၉**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် Official World Golf Ranking(OWGR) အဖွဲ့ချုပ်က မက္ကဆီကိုနိုင်ငံတွင် ကျင်းပနေသည့် Gira de Golf Professional de Mexicanaဂေါက်သီးရိုက်ပြိုင်ပွဲမှ ရလဒ်များကို ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ထည့်သွင်းတွက်ချက်ပေးမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနကဖော်ပြခဲ့သည်။

Gira de Golf Professional de Mexicana ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၇ ခုနှစ်မှစတင်၍ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရရှိလာသည့် ရလဒ်များကို OWGR က ကမ္ဘာ့သတ်မှတ်ချက်တွင် ထည့်သွင်းတွက်ချက်ခဲ့ခြင်းမရှိသည့်အတွက်ကြောင့် အဆိုပါပြိုင်ပွဲသည် ကမ္ဘာ့အဆင့်ကစားသမားများအားဆွဲဆောင်နိုင်ခဲ့ခြင်းမရှိသည့်အတွက် PGA Tour ပြိုင်ပွဲများလောက်အောင်မြင်မှုမရသည့် ပြိုင်ပွဲအဖြစ် ရပ်တည်နေသည်။

သို့သော်လည်း OWGR က ၂၀၂၃ ခုနှစ်ဂေါက်သီးရိုက်ရာသီမှစတင်၍ Gira de Golf Professional de Mexicana ဂေါက်သီးရိုက်ပြိုင်ပွဲမှရရှိလာသည့် ရလဒ်များကို ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ထည့်သွင်းတွက်ချက်သွားမည်ဖြစ်သည့်အတွက် Gira de Golf Professional de Mexicana ဂေါက်သီးရိုက်ပြိုင်ပွဲသည် ကမ္ဘာ့အဆင့် ကစားသမားများကို ဆွဲဆောင်နိုင်သည့် ပြိုင်ပွဲဖြစ်လာတော့မည်ဖြစ်သည်။




Official World Golf Ranking (OWGR) အဖွဲ့ချုပ်က "Gira de Golf Professional de Mexicana ဂေါက်သီးရိုက်ပြိုင်ပွဲဟာ OWGR အဖွဲ့ချုပ်က သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့ကိုက်ညီမှုရှိသလို ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်Tour တွေရဲ့ အဆင့်အတန်းကိုလဲ မြှင့်တင်ပေးနိုင်တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ်ပါတယ်။ OWGR က မျှော်မှန်းထားတဲ့ အရည်အချင်းတွေနဲ့ ကိုက်ညီတဲ့အတွက် Gira de Golf Professional de Mexicana ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ရတဲ့ရလဒ်တွေကို ကမ္ဘာ့အဆင့် သတ်မှတ်ချက်မှာ ထည့်သွင်းပေးသွားဖို့ ဆုံးဖြတ်လိုက်ပါတယ်" ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

AZL

# စပိန်လာလီဂါ ပွဲစဉ် (၁၅) ပွဲကြိုသုံးသပ်ချက်များ

STA

## ဘာစီလိုနာ Vs အက်စ်ပန်ညို

**ကစားမည့်ရက်/အချိန် ၃၁-၁၂-၂၀၂၂ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အက်စ်ပန်ညို ၂ - ၂ ဘာစီလိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| အက်စ်ပန်ညို | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |

ထိပ်တိုက်တွေ့ဆုံမှုတိုင်းအသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းဟာ အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးနိုင်မှာပါ။ လက်ရှိ အက်စ်ပန်ညိုအသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းကလဲတည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရပါတယ်။ ဒါကြောင့် ဒီပွဲမှာခြေစွမ်းပိုင်းရောထိပ်တိုက်တွေ့ဆုံတိုင်းအသာစီးမှာရှိနေတဲ့ ဘာစီလိုနာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဘာစီလိုနာ ၂ - ၁ အက်စ်ပန်ညို**

## ဆိုစီဒက် Vs အိုဆာဆူနာ

**ကစားမည့်ရက်/အချိန် ၃၁-၁၂-၂၀၂၂ (ည ၀၉း၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆိုစီဒက် ၁ - ၀ အိုဆာဆူနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(နိုင်) |
| အိုဆာဆူနာ | - | အိမ်(နိုင်) | ဝေး(သရေ) | ဝေး(နိုင်) |

အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်တဲ့ ဆိုစီဒက်အသင်းဟာ အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးနိုင်မှာပါ။ အိုဆာဆူနာအသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ ဆိုစီဒက်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆိုစီဒက် ၁ - ၀ အိုဆာဆူနာ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလားပြည်နယ်နှင့်တိုင်းဒေသကြီးပြေးခုန်ပစ်ပြိုင်ပွဲနှင့် မြန်မာ့သိုင်းပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၃ ရက်ထိ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် မြန်မာ့သိုင်းပြိုင်ပွဲတို့ကို ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲများအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း Gold Camp ရှိ (Multipurpose Hall) တွင် ကျင်းပခဲ့သည်။

ဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) ညွှန်ကြားရေးမှူး ဦးခွန်ကျာအောင်က ပြိုင်ပွဲဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းပြောကြားကာ သက်ဆိုင်ရာအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက အသီးသီး ဆွေးနွေးတင်ပြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် တစ်ဦးချင်းဆုဆွဲပြားများအပြင် ဆုကြေးငွေအဖြစ်တစ်ဦးချင်း (တာတိုအခုန်/အပစ်) ပြိုင်ပွဲများတွင် ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ်ငါးသောင်း၊ တစ်ဦးချင်း (တာဝေး)နှင့် အသင်းလိုက်လက်ဆင့်ကမ်းပြိုင်ပွဲများတွင် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဆုဖလားများနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

STA

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador H.E. Mr. Deng Xijun of Foreign Affairs Ministry of China



**Nay Pyi Taw December 29**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received Ambassador H.E. Mr. Deng Xijun of Foreign Affairs Ministry of China at SAC Office here this afternoon.

At the meeting, cordial discussions were centred on developments in Myanmar, ongoing State's peace talks with EAOs for national peace and stability, China's assistance in the peace process, China's steadfast stance on supporting Myanmar in international affairs, China's continuous humanitarian assistance, China's investments for Myanmar's development and promotion of bilateral friendship and cooperation.

After the meeting, the senior General and the Chinese ambassador exchanged commemorative gifts.

Also present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Foreign Affairs U Wunna Maung Lwin and officials. The Chinese ambassador was accompanied by officials of the Chinese Embassy in Myanmar. 100

**Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador H.E. Mr. Deng Xijun of Foreign Affairs Ministry of China.**

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win inspects agricultural and livestock breeding camps of Yangon Command

**Nay Pyi Taw December 29**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by the Yangon Region chief minister, senior officers from the Office of the Commander-in-Chief, the Yangon Command commander and officials, visited the agricultural and livestock breeding camps of the Yangon Command this afternoon.

First, the Vice-Senior General arrived at No (1) Agricultural and Livestock Breeding Camp where the commander reported on functions of the farms and selling of fish, meat, vegetables, eggs and milk produced from the farms to families of officers, other ranks and war veterans at affordable prices.

The chief minister reported on the emergence of Nyaunghnabin Agricultural and Livestock Breeding Zone, formation of committees and agricultural and livestock breeding activities.

After hearing the reports, the Vice-Senior General explained sales of those products at cheap prices to Tatmadaw members and civil servants after setting an aim to implement multi-purpose agricultural and livestock breeding tasks, prioritization of their welfare without seeking profits, measures to manufacture healthy products after consulting with research groups, and coordination between the Yangon Command and government in meeting food demands of Yangon city, the commercial capital of the country.

He also stressed the needs for systematic supervisions of the on-ground tasks at the Nyaunghnabin special zone, ensuring a balance between supply and demand for the city population, preservation of fish and meat surpluses under modern refrigeration system, measures for exports to foreign markets and invitation of entrepreneurs for investments.

Next, the Vice-Senior General and party inspected vegetables, mushroom and chicken produced from the farms and farming of Novogin brown chickens, and catching of fish from Fish Farm No (1) where 1,500 carp, 800 river catfish, 500 pomfret and 200 grass-eating Hamilton's carp have been raised starting 5 January this year. When catches take place, a fish weighs about 85 to 90 tickles. Those fish will be sold to the military units and regiments at cheap prices. The Vice-Senior General then gave necessary instructions after hearing reports by officials.

Later, the Vice-Senior General and party went to No (3) Agricultural and Livestock Breeding Camp and inspected breeding of pigs for incubation, 1,000 Karki King ducks and breeding of fish at 16 farms. Then, the Vice-Senior General coordinated requirements after hearing reports. 100



Vice-Senior General Soe Win inspects a pig farm.

# Passing-out Parade of 20th Intake (Male) the 7th Intake (Female) of Military Institute of Nursing and Paramedical Sciences and dinner held



Vice-Senior General Soe Win delivers address at the Passing-out Parade of the 20th Intake (Male) and the 7th Intake (Female) of Military Institute of Nursing and Paramedical Sciences.

**Nay Pyi Taw December 29**

The Passing-out Parade of the 20th Intake (Male) and the 7th Intake (Female) of Military Institute of Nursing and Paramedical Sciences was held at the parade ground of MINP in Yangon this morning. On behalf of Chairman of State Administration Council Commander-in-Chief of Defence Services Senior General Maha Thray Sithu Min Aung Hlaing, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Thray Sithu Soe Win delivered an address.

Also present together with the Vice-Senior General were his wife Daw Than Than Nwe, Union Minister for Health Professor Dr Thet Khaing Win, Union Minister for Construction U Myo Thant, the Yangon Region chief minister, senior military officers from Office of Commander-in-Chief and their wives, the Yangon Command commander, the MINP commandant, officials of Yangon Station, officer instructors and faculty members of the academic wing and training wing of MINP, who are the guardians of the trainees, and guests.

The Vice-Senior General took the salute of the trainee companies and inspected the flag bearers and the graduate trainee companies. Then the graduate trainee companies saluted the Vice-Senior General with slow-march past and quick-march past.

The Vice-Senior General presented Best Trainee Award to Trainee Salai Pyae Sone Aung, Excellent Award in Training to Trainee Kyaw Zin Htet and Excellent Award in Studies to Trainee Wai Lin Aung of the 20th Intake.

The Vice-Senior General presented Best Trainee Award to Trainee Phway Thant Zin, Excellent Award in Training to Trainee Hsu Lae Nanda and Excellent Award in Studies to Trainee Yun Yun Wai of the 7th Intake.

In giving an address on behalf of the Senior General, the Vice-Senior General said it is a special day that brings new force to the nation and Tatmadaw. As they are going to serve duties at respective places as members of medical corps, necessary guidance will be given on behalf of the Senior General.

With the aim of **"to produce nurses, paramedical and pharmaceutical professionals with physical and intellectual prowess for the national Tatmadaw which safeguards our Three Main National Causes,"** the MINP is constantly producing well spirited nurses and paramedical and pharmaceutical professionals. It has trained and brought about male nurses, paramedical and pharmaceutical professionals up to 20th Intake and female nurses, paramedical and pharmaceutical professionals up to 7th Intake.



Vice-Senior General Soe Win presents award to a female trainee.

Nurses, paramedical and pharmaceutical professionals are the essential element of the medical corps. So they are being produced as qualified human resources. The Nursing Training Wing Officer Courses (female) batch number 1 to 16 were conducted from 1959 and onwards, the Bachelor of Nursing Science Officer Training Courses (female) batch number 1 to 4 were conducted from 1996 and onwards. In 2002, the Defence Services Institute of Nursing was opened and trained both male and female trainees for nursing science degrees. Trainings were also given to nursing science degree holders from civilian universities who joined the military of their own volition, and assigned them as members of the nursing units.

Military medical personnel who have completed undergraduate courses and are qualified are selected and allowed to study master's degree courses after they have performed medical protection duties at the battlefield for a certain period on completion of undergraduate courses. In addition to master's degree courses, nursing doctorate courses and X-ray and ultrasonography doctorate courses are being conducted. Moreover, measures are being taken to open more medical science doctorate courses.

As military medical personnel are sent to study doctorate courses, master's courses and diploma courses at medical universities in 11 foreign countries to keep abreast of other countries by fulfilling the needs for teaching aids, practical labs and instructors according to their extents in respective fiscal year, a total of 137 military medical personnel have completed such courses.

As allowing military medical personnel to study abroad amounts to developing human resources to nurture qualified nurses and medical technicians while efforts are being made to turn the Tatmadw into a modern army that meets international standards,



Vice-Senior General Soe Win presents award to a male trainee.

military medical personnel are required to continue studying academic disciplines instilled by the alma mater in the practical field and to share medical and technical knowledge acquired by military medical personnel to others in local multiplier courses.

The establishment of the military medical corps, which is formed with military doctors, nurses and medical technicians and was incepted together with the Myanmar Tatmadaw during the struggle for independence, marked its diamond jubilee on 1 October, 2022. Military medical personnel have shoulder duties in operations and territorial control necessary for internal stability and protection of lives and property of the people by cooperating with other arms and services of the Tatmadaw in successive eras since independence. They took respective roles in ensuring internal stability and protection of lives and property of the people.

Moreover, in accordance with universal health coverage goal of the WHO to provide access to quality healthcare services, a basic need of the mankind, without financial hardship, military hospitals and military medical personnel provide healthcare services *See Page 13*



Vice-Senior General Soe Win inspects the flag bearers and the graduate trainee companies.

*From Page 12*

to Tatmadaw personnel and their families and medical protection at battlegrounds as well as public healthcare services in successive eras at minimum costs until diseases are cured.

To contribute as much as possible to the efforts of the successive governments to provide sufficient healthcare services to the public, military medical corps have relentlessly accelerated mobile healthcare services. In doing so, medical experts have provided healthcare services in remote mountain regions and rural areas.

In doing so, mobile treatment vehicles are provided together with military medical officers and personnel as well as medicines and medical equipment. Moreover, military medical corps provide healthcare services to residents of delta and coastal areas which can be accessed only through waterways by deploying River Hospital Ship (Shwe Pu Zun) and Sea Hospital Ship (Than Lwin).

In addition, whenever unpredictable natural disasters happen, military medical personnel relentlessly exert rescue efforts at any time and anywhere regardless of race and religion in accordance with the guidance of the Prime Minster Commander-in-Chief of (Defence Services) Senior General Maha Tharaysithi Min Aung Hlaing, **'Nothing is more important than human lives.'**

Moreover, it can proudly be seen that military medical personnel participated in provision of public healthcare services as necessary without worrying about their lives and the high risk of being infected during the peak of COVID-19 by putting what they learnt in classrooms into practice. Therefore, in providing healthcare services, military medical personnel are required to continue to perform duties responsibly as excellent nursing personnel by always trying to enhance their qualifications in respective academic fields.

Nursing science is one of the important fields in the health sector. Nurses are people who are especially compassionate, kind, devoted, benevolent, noble, persistent and moral. Benevolence and kindness are very effective psychological treatments and can inspire respect and admiration in patients. In provision of healthcare services, nurses play various roles in enhancing health such as health educators, consultants and caregivers and words and deeds of a nurse can inspire mental strength and freshness of patients, contributing to the treatments.

Therefore, good nurses are required to be instilled with five characteristics such as **interest, benevolence, kindness, sacrifice and role model**. Such fine characteristics have been trained and practiced for four years during the training course. Moreover, nurses are required to always practice mentally to possess humane traits of a good nurse such as bravery, concentration, wisdom, perseverance, enthusiasm and sympathy.

The spirit of nursing refers to **physical and mental health recovery of patients**. If nurses are instilled with the spirit of nursing, they will be able to perform their duties responsibly at any place and they will become nurses who can be relied upon by personnels and their families.

Moreover, nurses are especially required to abide by nine pledges of nurses consistently. When officers and other ranks who fought in battles with the spirit of never giving up are injured or ill, they need kindness and sympathy as human beings. Therefore, nurses are required to devote their mind and body to provision of healthcare services by respecting their ethics and dignity.

In the technology age that changes from time to time, military tactics with plans of operation have improved and changed. In the new modern wars, battles are conducted in various operation types by form of proportionality in multiple-war or that of non-proportionality in multiple-war separately or combined.

As today's world emerges as the form of a global village, every nation could not stay alone and join hands with partners. Moreover, in establishing strategic cooperation between partners having the same self-interest, to gain practical experience, Tatmadaw members are sent to international sports games of armed forces, let to cooperate with military medical corps of ASEAN countries, given chances to get in touch with international military medical academies and international military medical committees constantly. Based on the experience gained, training must be continued to get the Tatmadaw medical staff's efficiency improved.

Besides, as Artificial Intelligence (AI) is a technology that is coming into the field of medical treatment in the future sooner or later, curricula in medical education are to be changed as needed being compared with international standards in order that Tatmadaw medic and nurse trainees will get acquainted with AI technology.

It is necessary to upgrade and change the curriculum from a curriculum based on knowledge acquisition to the one based on knowledge management and communication to be able to successfully produce medical medics and nurses who are abreast with the times.

The Tatmadaw is part of the nation as well as part of the people. Tatmadaw members are born among the people and they are not urged to join the Tatmadaw. The Tatmadaw is formed with the ones who joined the Tatmadaw on their own accord. As the main duty of the Tatmadaw is to protect the nation, it has been protecting the nation against all internal and external threats and dangers in successive governments since independence.

Today, to put the nation on the concrete course of multi-party democracy, the State Administration Council has laid down the Five-Point Roadmap, the Nine Objectives and is making utmost efforts to build a Union based on multi-party democracy system and federalism with the aim of ensuring prosperity of the nation and food security that is the national objective. In doing so, it is essential to ensure nation-wide stability and peace. As most of the people have suffered various conflicts that occurred due to various opinions such as political opinions, racial opinions, and religious opinions for 75 years because of ways of divisiveness by the imperialists since the independence, the State Administration Council made an invitation transparently on April 11, 2022 for holding talks on no precondition basis to ensure perpetual peace. The Chairman of SAC himself received leaders of organizations who came to the talks and held the talks on the two points: the state of accepting a multi-party democracy system and that of building a Union based on democracy and federalism. After the talks, the National Solidarity and Peacemaking Negotiation Committee are working on discussion in detail with 10 EAOs accepting the talks on the two points.

Doing so is to end the consequences of the conflicts that the people, who live in the same land and drink the same water, have suffered for 75 years and to ensure that the nation will be developed and modernized and will be a genuine and disciplined democracy nation. It is necessary for all to learn and study the process and event for peace and its history to be able to actively take part in their respective roles regarding the perpetual peace.

It is necessary to firmly build unity inside and outside the army in order that the Tatmadaw could successfully discharge not only the State defense duties but the duties of national politics given by history. It is especially necessary for all Tatmadaw members at different levels and their families to be organized and systematic and united. As today is the age of technology, the act of disintegrating the unity inside the army is being taken with the use of various social media networks and it is necessary to be aware that mainstream media outlets have created and published the Tatmadaw and Tatmadaw members can be seen as bad images in international community too. It is also necessary to precisely follow the issued Rules of Engagement (ROE) and Counter Insurgency Operation (CIO) in the roles concerned.

Moreover, unity inside the army must be built and on the other hand, it is to accelerate organizational measures outside the army. It must be understood that safeguarding lives of the people, providing healthcare services and giving a hand when disasters occur is a practical organizational measure being taken. It is necessary to give special consideration on taking organizational measures for ensuring unity outside the army through following the ethics to deal with the people in order that the Tatmadaw and the people should act as one.

In serving as a good soldier, it is also necessary to cultivate the spirit of the Tatmadaw, such as the spirit of preserving the tradition of the Tatmadaw. To have such a spirit, military discipline is the main backbone to stay strong. Military personnel are the ones who have to observe the military laws as well as the local laws. It is necessary to know and follow the exhortations and strictly follow them yourself and your organization. For the development of a country, an ethnic group and an organization, the most basic thing is having good discipline.



Vice-Senior General Soe Win and party attend dinner hosted in honour of Passing-out Parade of 20th Intake (Male) and 7th Intake (Female) of Military Institute of Nursing and Paramedical Sciences.

If we look at today's modern developed countries, basically, most of the people are disciplined, with good morale and strength. Therefore, from the individual to the organization that we participate in, we must strive to build discipline and strength, and make efforts to help the motherland in the process of modern development as soon as possible.

The rule of loyalty is one of the ten strengths of the Tatmadaw. If you all are full of obedience, strong spirit, and good discipline, ***See Page 14***

# SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win attends inauguration of five-storey annexe of Orthopaedic Specialty Hospital-Yangon as a gesture of hailing Diamond Jubilee Independence Day




Vice-Senior General Soe Win unveils the signboard of the new five-storey ward.

**Nay Pyi Taw December 29**

As a gesture of hailing the Diamond Jubilee Independence Day, the five-storey annexe of Orthopaedic Specialty Hospital-Yangon was inaugurated in Kyimyindine Township of Yangon Region this morning, and State Administration Council Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win pressed the button to open the building.

Also present at the ceremony were Union ministers, the chief minister of Yangon Region, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command, deputy ministers, region ministers, departmental heads, retired medical professionals, health staff and other invited guests.

First, Union Minister for Health Prof Dr Thet Khaing Win, Union Minister for Construction U Myo Thant, Yangon Region Chief Minister U Soe Thein, the commander of Yangon Command and the director general of the Medical Services Department cut the ribbon to open the annexe.

The Vice-Senior General pressed the button to unveil the signboard of new five-storey annexe.

The Vice-Senior General and party sprinkled scented water on the signboard and posed for documentary photos.

Speaking on the occasion, the Vice-Senior General said that the State Administration Council in its tenure of serving the duties emphasizes peace and stability of socio-economy, unity and development of the State and the people as much as it can. In line with the guidance of Prime Minister Senior General Min Aung Hlaing **"Nothing is important than life of human"**, as the Ministry of Health is carrying out public health care services as a main duty, everybody can see that prevention, control and treatment of Covid-19 activities were undertaken during the worst period of third and fourth waves of disease infection with manpower and material power. Turning out the well-versed human resources plays a key role in building the Union based on democracy and federalism in order to strengthen the genuine, disciplined-flourishing multiparty democratic system for the State. To do so, all need to have good health. Only when they are healthy will they be fit. If so, they can efficiently pursue necessary technologies and knowledge for their lives, contributing to raising interests of the State and themselves. Hence, the Vice-Senior General urged them to continue systematic management for healthcare services.

Due to outbreak of Covid-19 pandemic across the world as of 2020, all global countries faced losses, and working process of economic, education and medical treatment delayed in outbreak of the pandemic. Momentum of health sector faced delay. At present, as Covid-19 pandemic can be controlled to some extent, an emphasis must be placed on regular healthcare services, treatment, research and medical education at full capacity in the health sector which delayed in the remedy of loss triggered by the Covid-19 through possible ways and means. As the government formed more districts for smooth administration and management of region and state governments, 48 district level Department of Medical Services were allowed to be formed under the Ministry of Health. So, if systematic supervision is undertaken over them, they can provide more healthcare services to the people in the larger arena. There are 1,178 people's hospitals under the Ministry of Health, 83 of which are located in Yangon Region. Due to population density and better transport facility, 10 central level specialty hospitals which can accept referral of patients are allowed to provide treatments to the patients. In its tenure, the State Administration Council opened and extended more hospital buildings. At Webagi Specialty Hospital in Yangon, 100-bed new hospital was upgraded with international level medical wards to treat patients for infectious diseases including Covid-19. Recently, the nine-storey building of Pathein General Hospital was built for providing treatments to patients for their convenience.

Based on the history of the hospital, the Orthopaedic Specialty Hospital-Yangon was established as Home for the Disabled and Leprosy in 1895 and designated as orthopaedic hospital in 1976. It was upgraded to the 300-bed hospital in January 2012 to provide orthopaedic treatments such as waist surgical treatment, detailed surgical treatment of hands, substitution of knee and thigh and general orthopaedic treatments to the patients. The government appoints new assistant doctors and new nurses for ensuring full strength of health staff with collaboration of the medical technicians from the Ministry of Defence, opens medical technological courses and nurse-aid courses, conduct post-graduate courses for increasing number of specialist doctors. Moreover, the government constructs new buildings of hospitals and staff housings with cash allowances for staff.

The Vice-Senior General thanked the Ministries of Health and Construction, Yangon Region government, the medical superintendent of the hospital and health staff for their efforts to carry out the construction of the building in time meeting the set standards. The Vice-Senior General urged all to strive for the hospital as the public reliable one as of the opening ceremony and to systematically maintain the building, health services and environs for long term existence with the family spirit.

The director general of the Construction Special Task Force (1) handed over the documents of the building the director general of the Department of Medical Services. The Vice-Senior General accepted the commemorative gift presented by Union Minister for Health Dr Thet Khaing Win. Rector of the Yangon General Hospital Dr Thida Hla spoke words of thanks.

Later, the Vice-Senior General and party visited the five-storey annexe. 100

*From Page 13*

it is like being loyal to your regiment, Tatmadaw and the people and the state. Being loyal to the fellow soldiers who are working together till death is more important.

Any action that violates the loyalty of the Tatmadaw and the state must be avoided and opposed. We have to show loyalty by valuing and conspiring to make the great motherland one part, to achieve closeness and love and unity among ethnic brothers and sisters and to develop the nation.

The soldiers who are members of the medical staff must also maintain the good traditions of the Tatmadaw and serve the interests of the state and the citizens with all their strength, and strive to become nurses and medical experts that the Tatmadaw can trust and be proud of.

The Vice-Senior General said he want them to continue training to become nurses, pharmacists and medical technologists, who are full of nursing spirit and full of morals, to adhere to the 9 vows that nurses must take and practice in providing comprehensive and sufficient health care not only to family members of military personnel but also to the public as a whole, to strengthen the unity of the army after considering the attacks initiated politically, and to preserve the good historical traditions of medical personnel who served till the Diamond Jubilee Medical Corps Day, and the full speech that the Vice-Senior General gave will continue to be published in daily newspapers.

After that, the Vice-Senior General received the salute from the graduating units and left from the ceremony.

After the military parade, the Vice-Senior General met the trainees, who received outstanding awards in the reception hall of the Defence Services Institute of Nursing and Paramedical Science headquarters and gave a congratulatory speech.

In the evening, the Vice-Senior General and members attended a dinner ceremony to honor the graduates of Nursing and Paramedical Science Degree Intake 20 and Female Nursing and Paramedical Science Degree Intake 7 and have a celebratory dinner together with those who attended the dinner.

After the dinner, the Vice-Senior General and members watched the performance of the music band of the Defence Services Institute of Nursing and Paramedical Science and presented cash.

After that, it was reported that the Vice-Senior General and the members, together with the graduating officers, watched and enjoyed the performance of the Myawady Band under the command of the office of the Directorate of Public Relations and Psychological Warfare at the theater.

100

### Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# မအူပင်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ စပါးနှင့်ငါး ၁၉၇ ဧက တွဲဖက်စိုက်ပျိုးမွေးမြူမည်



ယခင်နှစ်က စပါးနှင့်ငါး တွဲဖက်စိုက်ပျိုးထားသည်ကို တွေ့ရစဉ်။

**မအူပင် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် လာမည့်နွေစပါးစိုက်ပျိုးရာသီ၌ စပါး ၁၉၇ ဧကအတွင်း ငါးထည့်ပြီး စပါးနှင့်ငါး တွဲဖက်မွေးမြူသွားမည်ဖြစ်ကြောင်း မအူပင်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်း မွေးမြူရေးတာဝန်ခံ ဒေါ်သင်းသင်းလှိုင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်၌ လာမည့်နွေစပါးစိုက်ပျိုးရာသီတွင် စပါး ၁၉၇ ဧကအတွင်း ငါးသားပေါက်များထည့်ပြီး စပါးနှင့်ငါး တွဲဖက်မွေးမြူသွားမည်ဖြစ်ကြောင်း၊ အဆိုပါစပါးနှင့်ငါး တွဲဖက်မွေးမြူနိုင်ရန် လယ်မြေပြုပြင်ခြင်း၊ နွေကာလဖြစ်သည့်အတွက် ငါးများ အသေအပျောက်မရှိစေရန် စနစ်တကျ ရေသွင်းရေထုတ်လုပ်နိုင်ရန် ရေသွယ်မြောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်နေကြောင်း သိရသည်။

"စပါးနဲ့ငါး တွဲဖက်မွေးမြူတာကို မိုးစပါးစိုက်ပျိုးတဲ့ရာသီမှာရော နွေစပါးစိုက်ပျိုးတဲ့ရာသီမှာပါ တွဲဖက်မွေးမြူပါတယ်။ နွေစပါးစိုက်ပျိုးရာသီမှာ တွဲဖက်မွေးမြူတဲ့အခါ အဓိကကျတာကတော့ ရေကိုစနစ်တကျ အသုံးပြုဖို့ပဲဖြစ်ပါတယ်။ ရွှံ့တရက် ရေခန်းခြောက်သွားရင် အကုန်ဆုံးရှုံးမှာဖြစ်ပါတယ်။ ဒါကြောင့် ရေသိုလှောင်ဖို့အတွက် လိုအပ်တာတွေပြင်ဆင်နေပါတယ်။ စပါးနဲ့ငါး တွဲဖက်မွေးတယ်ဆိုတာက စပါးကို အရင်စိုက်ပျိုးပြီး ရက် ၂၀ လောက်ကြာမှ ငါးထည့်မွေးရတာပါ။ လာမဲ့ဇန်နဝါရီလပထမပတ်မှာ စပါး စတင်စိုက်ပျိုးပြီးနောက် ရက် ၂၀ ဆို ငါးမွေးမြူမယ်လို့ ပြင်ဆင်ထားပါတယ်"ဟု မအူပင်မြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်း မွေးမြူရေးတာဝန်ခံ ဒေါ်သင်းသင်းလှိုင်က ပြောပြသည်။

မအူပင်မြို့နယ်တွင် လာမည့်နွေစပါးစိုက်ပျိုးရာသီ၌ စပါးနှင့်ငါး တွဲဖက်မွေးမြူသည့် လုပ်ငန်းတွင် ငါးခုံးမကြီး၊ တီလားပီးယား၊ ရွှေဝါငါးကြင်း စသည့်ငါးအမျိုးအစားများကို အများဆုံးမွေးမြူသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စပါးနှင့်ငါး တွဲဖက်မွေးမြူသည့်အတွက် ငါးအစာစရိတ်ကုန်ကျမှုသက်သာခြင်း၊ စပါးတွင်ကျရောက်တတ်သည့် ပိုးမွှားအန္တရာယ်များ လျော့နည်းသက်သာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကွမ်းလုံမြို့နယ် ကျေးရွာသုံးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ကွမ်းလုံ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွမ်းလုံမြို့နယ် ကျေးရွာသုံးရွာ၌ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် တာဝန်ရှိသူများက နမ့်ချင်းဟော်၊ ပန်လွေး၊ ဆီခပ်ကျေးရွာတို့တွင် ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၉ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်သည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ရေရှည် အသုံးပြုနိုင်စေရေးအတွက် စနစ်တကျထိန်းသိမ်းသွားရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။



ကွမ်းလုံမြို့နယ် နမ့်ချင်းဟော်ကျေးရွာတွင် အရှည် တစ်မိုင်နှစ်ဖာလုံရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ပန်လွေးကျေးရွာတွင် အရှည် တစ်မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ဆီခပ်ကျေးရွာတွင် အရှည် နှစ်မိုင်ရှိ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းများကို ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာသုံးရွာမှ ဒေသခံပြည်သူများ သောက်သုံးရေ လုံလောက်စွာသုံးစွဲနိုင်ပြီဖြစ်ကြောင်း ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇော်ဦး(မောရှမ်းမြေ)**

# ဖန်းဇော်မြို့တွင် MSME ဖွံ့ဖြိုးတိုးတက်ရေး ဒေသအကျိုးပြုသုတေသနလုပ်ငန်းများနှင့် အသုံးချဘာသာရပ်ဆိုင်ရာသင်တန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ဖန်းဇော် ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် ဖန်းဇော်မြို့တွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ဖန်းဇော်တက္ကသိုလ်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) ဖွံ့ဖြိုးတိုးတက်ရေး ဒေသအကျိုးပြုသုတေသနလုပ်ငန်းများနှင့် အသုံးချဘာသာရပ်ဆိုင်ရာသင်တန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီက ဖန်းဇော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖန်းဇော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်က ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်စုံထောင့်စုံမှ ဟန်ချက်ညီညီ အလေးထား ဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်မည်ဖြစ်ပြီး တက်ရောက်လာသူများက ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားပြီး ဖန်းဇော်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ‌ သောင်းထိုက်က ဒေသအကျိုးပြုသုတေသနလုပ်ငန်းနှင့် ဘာသာရပ်ဆိုင်ရာသင်တန်းများ ဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များက လုပ်ငန်း အမျိုးအစားအလိုက် ဆောင်ရွက်နေမှုများနှင့် တွေ့ကြုံရသည့်အခက်အခဲများ၊ အောင်မြင်မှုအခြေအနေများ၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးကြပြီး ဖန်းဇော်တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခနှင့် ဌာနမှူးများက ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၄၀၃)




# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၉-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၇၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၈၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၅၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်း တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ထိုသို့ဆောင်ရွက်ရာတွင် တပ်မတော်သား အရာရှိ၊ စစ်သည် ကျွမ်းကျင်သူများအပြင် ဆေးဘက်ဆိုင်ရာ ဆေးဝါးများ၊ ကုသရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပါဝင်သည့် ရွေ့လျားဆေးကုသမှုယာဉ်များဖြင့် ပါဝင်ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရေလမ်းကြောင်းတစ်ခုတည်းသာ အားကိုးအားထားပြုပြီး သွားလာနေကြရသည့် နေရာမျိုးများသို့လည်း မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများရှိ ပြည်သူလူထုများကို ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် **ကြုံတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အချိန်တိုင်းတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က "လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိလို့" မိန့်ကြားထားသည့်အတိုင်း တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည်လည်း အချိန်၊ နေရာဒေသ၊ လူမျိုးဘာသာမရွေး ကူညီစောင့်ရှောက်နိုင်ရန် ကယ်ဆယ်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိ**ကြောင်း။

၎င်းအပြင် သင်ကြားရေးဆောင်ရွက်ရင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုအမြင့်ဆုံးအချိန်တွင်လည်း စာတွေ့မှ လက်တွေ့ဆီသို့ပြောင်းလဲကာ လိုအပ်ချက်အရ အသက်အန္တရာယ်နှင့် ဆိုးရွားပြင်းထန်သည့် ရောဂါကူးစက်ခံရနိုင်မှုကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကိုယ်ကျိုးစွန့်ပါဝင်ဆောင်ရွက်ခဲ့ခြင်းကိုလည်း ဂုဏ်ယူဖွယ်တွေ့မြင်ခဲ့ရကြောင်း၊ ထို့ကြောင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာတွင် သူနာပြုတပ်ဖွဲ့ဝင်ကောင်းများအဖြစ် ကျရာတာဝန်ကို ဆက်လက်ကျေပွန်စွာထမ်းဆောင်နိုင်စေရန် မိမိတို့၏သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အသီးသီးတွင် အရည်အချင်း၊ အရည်အသွေးပြည့်မီသူများဖြစ်အောင် အမြဲမပြတ်ဖြည့်ဆည်းကြိုးစားကြရန်လိုကြောင်း။

သူနာပြုပညာရပ်သည် ကျန်းမာရေးကဏ္ဍတွင် အရေးပါသည့်ပညာရပ်တစ်ရပ်ဖြစ်ကြောင်း၊ သူနာပြုများသည်လည်း ကရုဏာတရားကြီးမားပြီး ကြင်နာတတ်သူ၊ ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သူ၊ စေတနာထက်သန်သူ၊ စိတ်ထားမွန်မြတ်သူ၊ အပင်ပန်းအဆင်းရဲခံနိုင်သူ၊ ကိုယ်ကျင့်သိက္ခာကောင်းမွန်သူ စသည့်အင်္ဂါရပ်များနှင့် ထူးထူးကဲကဲ ပြည့်စုံသူများဖြစ်ကြောင်း၊ စေတနာနှင့် အကြင်နာဆိုသည် အလွန်ထိရောက်သည့် စိတ်ပိုင်းဆိုင်ရာကုထုံးဖြစ်သည့်အပြင် လူနာ၏ ယုံကြည်လေးစားမှုချစ်ခင်မှုများကို ရရှိစေနိုင်ကြောင်း၊ သူနာပြုတစ်ဦးအနေဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်ပေးရာတွင် ကျန်းမာရေးဆိုင်ရာပညာပေးသူ၊ ဆွေးနွေးအကြံပြုသူ၊ ပြုစုစောင့်ရှောက်ပေးသည့်သူ စသည့်အသွင်သဏ္ဌာန်မျိုးစုံနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းစဉ်များတွင် ပါဝင်နေကြခြင်းဖြစ်ပြီး သူနာပြုတစ်ဦး၏ အပြောအဆို၊ အပြုအမူသည် လူနာ၏ စိတ်ဓာတ်ခွန်အားများ လန်းဆန်းတက်ကြွစေနိုင်ပြီး ကုသမှုကို ထိရောက်စေကြောင်း။

ထို့ကြောင့် **သူနာပြုကောင်းတစ်ဦးဖြစ်စေရန် အရေးကြီးဆုံးသည့် "ဝါသနာ၊ စေတနာ၊ အကြင်နာ၊ အနစ်နာ၊ နမူနာ" ဆိုသည့် နာ ငါးနာနှင့် ပြည့်စုံနေရန်လိုအပ်**ကြောင်း၊ ထိုသို့ထားရှိမည့် အခြေခံကောင်းများကို လေးနှစ်တာသင်တန်းကာလအတွင်း၌ သင်ကြား လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် သူနာပြုကောင်းတစ်ဦးတွင် ထားရှိရမည့် လူသားဆန်သည့် စိတ်ဓာတ်များဖြစ်သည့် တည်ငြိမ်ရဲရင့်မှု၊ မြှုပ်နှံစုစည်းမှု၊ အသိဉာဏ်ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ စိတ်အားထက်သန်မှု၊ ကိုယ်ချင်းစာစိတ်ရှိမှုများနှင့် ပြည့်ဝနေစေရန် မိမိကိုယ်ကို အမြဲမပြတ်ဖြည့်ဆည်းလေ့ကျင့်နေရမှာပင်ဖြစ်ကြောင်း။

သူနာပြုစိတ်ဓာတ်၏ အခြေခံညွှန်းဆိုချက်သည် "လူနာ၏ စိတ်ရောကိုယ်ပါ ကျန်းမာရေးနှင့် ခံစားမှုဆိုင်ရာ ကောင်းမွန်ရေး" ပင်ဖြစ်ကြောင်း၊ သူနာပြုစိတ်ဓာတ်ကောင်းများနှင့် ပြည့်စုံနေမည်ဆိုလျှင် မည်သည့်နေရာဒေသတွင်မဆို ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားနိုင်မည်ဖြစ်ပြီး တပ်မတော်သားမိသားစုဝင်များနှင့် ပြည်သူလူထုက အားကိုးအားထားပြုရသည့် သူနာပြုကောင်းများ ဖြစ်လာမှာပင်ဖြစ်ကြောင်း။

ထို့ပြင် **သူနာပြုများ ခံယူအပ်သည့် သူနာပြုအစီအစဉ်ကတိသစ္စာ ကိုးချက်ကိုလည်း တည်ကြည်ဖြောင့်မတ်မြဲမြံစွာ စောင့်ထိန်းလိုက်နာသွားကြရန် အထူးလိုအပ်**ကြောင်း၊ မည်သို့ပင် တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်များဖြင့် တိုက်ပွဲဝင်ကြသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ဒဏ်ရာအနာတရဖြစ်ချိန်၊ ကျန်းမာရေးချို့ယွင်းချိန်များတွင် လူသားများပီပီ ပြုစုစောင့်ရှောက်သူများ၏ အကြင်နာ၊ ကရုဏာကို တမ်းတလိုချင်ကြခြင်းဖြစ်၍ လူနာအားလုံး၏ ကိုယ်ရောစိတ်ပါ ကျန်းမာရေးကို မိမိ၏အရေးကိစ္စကဲ့သို့သဘောထားပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးရန် လိုအပ်၍ မိမိ၏ ကျင့်ဝတ်နှင့်ဂုဏ်သိက္ခာကိုလည်း တန်ဖိုးထားမြှင့်တင်ကြရမှာပင်ဖြစ်ကြောင်း။

အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် နည်းပညာခေတ်တွင် စစ်ဆင်မှုပုံစံများနှင့် ကျင့်သုံးသည့် စစ်နည်းဗျူဟာများကလည်း တိုးတက်ပြောင်းလဲလျက်ရှိကြောင်း၊ ယနေ့ခေတ်သစ်စစ်ပွဲများတွင် အချိုးညီ ဘက်စုံစစ်ပွဲအသွင်၊ အချိုးမညီ ဘက်စုံစစ်ပွဲအသွင် သီးသန့်စီဖြစ်စေ၊ ပေါင်းစပ်ပြီးဖြစ်စေ ကျင့်သုံးသည့်စစ်ဆင်မှုအမျိုးမျိုးကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တိုက်ပွဲများ ဖော်ဆောင်နေကြခြင်းဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည်လည်း ကမ္ဘာ့ရွာကြီးပုံစံဖြစ်ပေါ်နေသည့်အတွက် နိုင်ငံတိုင်းသည် ထီးတည်းနေ၍မရဘဲ ကိုယ်ကျိုးစီးပွားတူညီသူအချင်းချင်း လက်တွဲဆောင်ရွက်နေကြရကြောင်း၊ ထို့ပြင် ကိုယ်ကျိုးစီးပွားတူအချင်းချင်း မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရာတွင် စစ်ဘက်ဆိုင်ရာ ကဏ္ဍများတွင်လည်း အတွေ့အကြုံရရှိစေရန် နိုင်ငံတကာ တပ်မတော်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခြင်း၊ တပ်ဖွဲ့အတွင်းပညာရပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အာဆီယံစစ်ဘက်ဆေးပညာညီလာခံ၊ အာဆီယံဓာတု၊ ဇီဝနှင့် ရေဒီယိုသတ္တုကြွဆိုင်ရာ ကာကွယ်ရေးကျွမ်းကျင်ပညာရှင်များကွန်ရက်၊ အာဆီယံတပ်မတော်ဆေးဘက်ဆိုင်ရာ ဗဟိုဌာန၊ အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းမှုဗဟိုဌာန စသည့်အာဆီယံအဖွဲ့ဝင်နိုင်ငံဆေးတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ စစ်ဘက်ဆေးတက္ကသိုလ်များ ညီလာခံ၊ နိုင်ငံတကာစစ်ဘက် ဆေးပညာဆိုင်ရာကော်မတီများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံခြင်းများ ဆောင်ရွက်စေလျက်ရှိပြီး ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို အခြေခံပြီး တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ဆက်လက်လေ့ကျင့်ပေးသွားရမည်ဖြစ်ကြောင်း။

ထို့ပြင် အနာဂတ်ကာလတွင် Artificial Intelligence (AI) နည်းပညာရပ်သည် ဆေးကုသမှုဆိုင်ရာနယ်ပယ်ထဲ၌ အနေးနှင့်အမြန်ဆိုသလို ဝင်ရောက်လာနေခြင်းဖြစ်သည့်အတွက် ဆေးပညာသင်ကြားရေး (Medical Education) တွင် ဆရာဝန်နှင့် သူနာပြုသင်တန်းသား၊ သင်တန်းသူများကို AI နည်းပညာနှင့် ရင်းနှီးအောင် သင်ကြားပေးနိုင်ရန် သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာစံနှုန်းနှင့် နှိုင်းယှဉ်ပြီး လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားကြရမည်ဖြစ်ကြောင်း။

ပညာဗဟုသုတရှာမှီးမှု (Knowledge Acquisition)ကိုအခြေခံသည့် သင်ကြားမှုစနစ်ကနေ ဗဟုသုတစီမံခန့်ခွဲမှုနှင့် ဆက်သွယ်ဆောင်ရွက်မှု (Knowledge Management and Communication) ကိုအခြေခံသည့် သင်ရိုးညွှန်းတမ်းမျိုးဖြစ်အောင် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်လိုအပ်ပြီး

**စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**တပ်မတော်သည် တိုင်းပြည်၏ အစိတ်အပိုင်း၊ ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်ပြီး တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူများမှ မွေးဖွားလာကြသူများ၊ မည်သူတစ်ဦးတစ်ယောက်မျှ တိုက်တွန်း၍မဟုတ်ဘဲ မိမိဆန္ဒအရ တပ်မတော်အတွင်းသို့ စစ်မှုထမ်းများအဖြစ် ဝင်ရောက်လာကြသူများဖြင့် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်. . .**

**စာမျက်နှာ ၁၈ မှအဆက်**

ခေတ်နှင့်လျော်ညီသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ဆရာဝန်များနှင့် သူနာပြုများကို အောင်မြင်စွာမွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**တပ်မတော်သည် တိုင်းပြည်၏အစိတ်အပိုင်း၊ ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်ပြီး တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူများမှ မွေးဖွားလာကြသူများ၊ မည်သူတစ်ဦးတစ်ယောက်မျှ တိုက်တွန်း၍မဟုတ်ဘဲ မိမိဆန္ဒအရ တပ်မတော်အတွင်းသို့ စစ်မှုထမ်းများအဖြစ် ဝင်ရောက်လာကြသူများဖြင့် ဖွဲ့စည်းထားသည့် တစ်ခုတည်းသောတပ်မတော်ဖြစ်**ကြောင်း၊ တပ်မတော်၏အဓိကတာဝန်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ခြင်းနှင့်အညီ ပြည်တွင်းနှင့် ပြည်ပရန်စွယ်အန္တရာယ်ဟူသမျှကိုလည်း လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းမှစ၍ ယနေ့တိုင် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်၌ ကာကွယ်ခဲ့၊ ကာကွယ်ဆဲဖြစ်ကြောင်း။

ယနေ့အချိန်ကာလသည် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာစေရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ပြီး **နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးရည်မှန်းချက်များထားရှိ၍ နိုင်ငံတော်ကို အားသွန်ခွန်စိုက်ကြိုးပမ်းတည်ဆောက်နေရချိန်ဖြစ်**ကြောင်း၊ ထိုသို့ တည်ဆောက်သည့်နေရာတွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်အထူးပင်လိုအပ်ကြောင်း၊ ထို့အတွက်ကြောင့်လည်း လွတ်လပ်ရေးရပြီးကတည်းက ၇၅ နှစ်ကြာသည်အထိ နယ်ချဲ့ကိုလိုနီများ၏ သွေးခွဲမှုအမျိုးမျိုးကြောင့် နိုင်ငံရေးအယူအဆများ၊ လူမျိုးရေးအယူအဆများ၊ ဘာသာရေးအယူအဆများ စသည့်အယူအဆအမျိုးမျိုးကြောင့် ပဋိပက္ခအမျိုးမျိုးကို ပြည်သူများအများစု ခါးစည်းခံခဲ့ရမှုများလည်းရှိနေခဲ့၊ ရှိနေဆဲဖြစ်ခြင်းကြောင့် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းတည်ငြိမ်ပြီး အမြန်ဆုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် ၂၀၂၂ ခုနှစ် မေ ၁၁ ရက်တွင် ကြိုတင်ကန့်သတ်ချက်မထားဘဲ ထာဝရငြိမ်းချမ်းရေးအတွက် ပွင့်လင်းမြင်သာစွာဖိတ်ခေါ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် ဆွေးနွေးပွဲသို့တက်ရောက်လာကြသည့် အဖွဲ့အစည်းခေါင်းဆောင်များကို လက်ခံတွေ့ဆုံ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံမှုအခြေအနေ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို လက်ခံမှုအခြေအနေ နှစ်ချက်အပေါ် အပြန်အလှန်ဆွေးနွေးပြီးနောက် လက်ခံကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ကို အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု ညှိနှိုင်းရေးကော်မတီဖြင့် အသေးစိတ်ဆွေးနွေးမှုများကို အပြုသဘောဆောင်လျက် အပြန်အလှန်ဆွေးနွေးလျက်ရှိ**ကြောင်း။

ထိုသို့ တပ်မတော်နှင့်တိုက်ရိုက် ထာဝရငြိမ်းချမ်းရေးရရှိစေရေး ဖိတ်ခေါ်ဆွေးနွေးခဲ့ခြင်းသည်လည်း လွတ်လပ်ရေးရပြီး ၇၅ နှစ်တာကာလအတွင်း ပဋိပက္ခအမျိုးမျိုးကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လာခဲ့ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုမောင်နှမများ၏ ခံစားခဲ့၊ ခံစားကြရဆဲ ပဋိပက္ခဆိုးကျိုးများ ချုပ်ငြိမ်းပြီး နိုင်ငံတော်ကြီး အမြန်ဆုံးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်စေရန်ပင်ဖြစ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးနှင့်ပတ်သက်လာလျှင် ကျရာအခန်းကဏ္ဍက တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်ရပ်နှင့် သမိုင်းကြောင်းများကို အမြဲလေ့လာမှတ်သားနေရန်လိုအပ်ကြောင်း။

**တပ်မတော်အနေနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် သမိုင်းကပေးအပ်လာသည့် အမျိုးသားနိုင်ငံရေးတာဝန်များကို အောင်မြင်စွာထမ်းရွက်နိုင်ရန် တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ်ရေးကို ခိုင်မာစွာတည်ဆောက်ထားရန် လိုအပ်**ကြောင်း၊ **တပ်မတော်သားအဆင့်အတန်းအားလုံးနှင့် မိသားစုဝင်များသည် ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်ဆိုသည့်အတိုင်း စည်းကျစ်လျစ်ခိုင်မာနေရန် အထူးလိုအပ်**ကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်ခြင်းနှင့်အညီ လူမှုကွန်ရက်အမျိုးမျိုးကို နည်းမျိုးစုံအသုံးချပြီး တပ်တွင်းစည်းလုံးညီညွတ်မှုပြိုကွဲရေးကို ပြုလုပ်နေကြသကဲ့သို့ Main Stream Media များကလည်း တပ်မတော်နှင့် တပ်မတော်သားများအပေါ်ကို နိုင်ငံတကာ၌ ပုံရိပ်ဆိုးများအဖြစ် နားလည်မှုလွဲမှားစေရေး ပုံဖော်နေလျက်ရှိခြင်းကိုလည်း သတိပြုကြရန်လိုအပ်ပြီး ထုတ်ပြန်ပေးထားသည့် Rule of Engagement (ROE)နှင့် Counter Insurgency Operation(CIO)တို့ကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် တိကျစွာလိုက်နာကြရန်လိုကြောင်း။

ထို့ပြင် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင်တည်ဆောက်ရမှာဖြစ်၍ တစ်ဖက်ကလည်း တပ်ပြင်စည်းရုံးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကူညီထောက်ပံ့ပေးခြင်းများသည် လက်တွေ့ပါသည့် စည်းရုံးရေးကို ဆောင်ရွက်နေခြင်းကို နားလည်သဘောပေါက်ကြရမည်ဖြစ်ကြောင်း၊ **တပ်မတော်နှင့် ပြည်သူ တစ်သားတည်းဖြစ်အောင် ပြည်သူလူထုအပေါ် ပြုကျင့်ရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် တပ်ပြင်စည်းရုံးရေးကို အလေးထားဆောင်ရွက်**ကြရန်လိုကြောင်း။

စစ်သည်တော်ကောင်း တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရာတွင် တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်၊ လှေခြုတ်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ တပ်မတော်၏အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့် စိတ်ဓာတ်စသည့် တပ်မတော်၏ စိတ်ဓာတ်များကိုလည်း လေ့ကျင့်မွေးမြူထားကြရန်လည်း လိုအပ်ကြောင်း၊ ယခုကဲ့သို့ စိတ်ဓာတ်များရှိရန်၊ ခိုင်မာမြဲမြံနေရန် စစ်စည်းကမ်းသည် အဓိကကျောရိုးမဏ္ဍိုင်ပင်ဖြစ်ကြောင်း၊ **တပ်မတော်သားများသည် စစ်ဘက်ဥပဒေများအပြင် နယ်ဘက်ဥပဒေများကိုပါ စောင့်ထိန်းလိုက်နာကြရသည့် သူများဖြစ်၍ တားမြစ်ချက်၊ တိုက်တွန်းချက်များကို သိရှိလိုက်နာပြီး တိကျစွာ မိမိကိုယ်တိုင်နှင့် မိမိအဖွဲ့အစည်းပါ လိုက်နာကြရန်လိုအပ်**ကြောင်း၊ **နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်ရပ်၊ အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် အခြေခံအကျဆုံးသည် စည်းကမ်းကောင်းမွန်ရေးပင်ဖြစ်**ကြောင်း။

ယနေ့ ခေတ်မီဖွံ့ဖြိုးပြီးနိုင်ငံကြီးများကို ကြည့်လျှင် အခြေခံအားဖြင့် ပြည်သူအများစုသည် စည်းကမ်း၊ စိတ်ဓာတ် ကောင်းမွန်ကြ၊ ခိုင်ကြသူများဖြစ်ကြသည်ကို တွေ့မြင်ကြရကြောင်း၊ ထို့ကြောင့် တစ်ဦးချင်းမှအစ မိမိပါဝင်သည့် အဖွဲ့အစည်းကိုလည်း စည်းကမ်းစိတ်ဓာတ်ပြည့်ဝကြံ့ခိုင်ကောင်းမွန်အောင် ကြိုးပမ်းတည်ဆောက်ကြခြင်းဖြင့် အမိနိုင်ငံတော်ကြီး အမြန်ဆုံးခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သစ္စာစောင့်သိမှုတရားသည် တပ်မတော်အား ၁၀ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ကြောင်း၊ အမိန့်နာခံတတ်မှု၊ စိတ်ဓာတ်ခိုင်မာမှု၊ စည်းကမ်းကောင်းမွန်မှုများနှင့် ပြည့်စုံနေမည်ဆိုလျှင် မိမိတပ်ရင်း၊ တပ်ဖွဲ့၊ တပ်မတော်နှင့် ပြည်သူလူထုအပေါ်၊ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိနေခြင်းပင်ဖြစ်၍ မိမိအဖွဲ့အစည်းနှင့်သေအတူရှင်မကွာ အတူတကွလက်တွဲတာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်ရဲဘက်များအပေါ်တွင် ထားရှိရမည့် သစ္စာစောင့်သိမှုသည် ပို၍အရေးကြီးကြောင်း။

တပ်မတော်နှင့် နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်သည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို ရှောင်လွှဲဆန့်ကျင်ရမှာပင်ဖြစ်ကြောင်း၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရင်းနှီးချစ်ခင်စည်းလုံးညီညွတ်မှုရရှိအောင်၊ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် **စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

မြတ်နိုးတန်ဖိုးထားပြီး ပိုင်းဝန်းကြိုးဆောင်ကြခြင်းဖြင့် သစ္စာစောင့်သိမှုကိုပြသကြရမှာဖြစ်ကြောင်း။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များဖြစ်သည့် ရဲဘော်တို့သည်လည်း တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကိုထိန်းသိမ်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကျရာအခန်းကဏ္ဍကနေ စွမ်းစွမ်းတမံထမ်းဆောင်သွားကြပြီး တပ်မတော်က ယုံကြည်အားထားဂုဏ်ယူရသည့်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် သူနာပြုနှင့် ဆေးဘက်ပညာ ကျွမ်းကျင်သူများဖြစ်အောင် ကြိုးစားတည်ဆောက်သွားကြရန်လိုကြောင်း။

သူနာပြုစိတ်ဓာတ်ပြည့်ဝပြီး ကိုယ်ကျင့်သိက္ခာနှင့် ပြည့်စုံသည့်သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာနည်းပညာ ကျွမ်းကျင်သူများဖြစ်အောင် ဆက်လက်လေ့ကျင့်ဖြည့်ဆည်းသွားကြရန်၊ တပ်မတော်သားမိသားစုဝင်များကိုသာမက ပြည်သူလူထုတစ်ရပ်လုံးကို ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် သူနာပြုများခံယူကျင့်သုံးအပ်သည့် အဓိဋ္ဌာန်ပြုကတိသစ္စာ ကိုးချက်နှင့်အညီ စောင့်ထိန်းလိုက်နာသွားကြရန်၊ နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်မှုများကို ဆင်ခြင်သုံးသပ်ပြီး တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို မြဲမြံခိုင်မာအောင် တည်ဆောက်သွားကြရန်၊ စိန်ရတု ဆေးတပ်ဖွဲ့နေ့တိုင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ကောင်းမြတ်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်းသည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းသူနာပြုများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ထုတ်လွှင့်ဖော်ပြအသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်အခန်းတွင်ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနှံနိုင်သော Sinopharm ဆေးနှင့် ဆေးထိုးအပ်များမှ ယနေ့တွင် ချင်းပြည်နယ် ကလေးမြို့သို့ Sinopharm ဆေးအလုံး ၈၀၀ နှင့် ဆေးထိုးအပ်များကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါကာကွယ်ဆေးများနှင့်ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်ပေးစဉ်။

၂၀ ရှေ့ဖုံးမှအဆက်

**ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိမှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေး**ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H. E. Mr. Deng Xijun ကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး H. E. Mr. Deng Xijun တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ







တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့်ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ပညာရေးအဖွဲ့အစည်းအဝေးကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက်ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများကို ကတိသစ္စာခံယူစေခြင်း၊ သက်ဆိုင်ရာဌာနများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့ ၅၃ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ငါးဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဓာတ်ခွဲနည်းပညာ) ငါးဦး၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ ငါးဦး၊ ခန္ဓာသန်စွမ်းမှုနည်းပညာ ငါးဦး၊ ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ နှစ်ဦး စုစုပေါင်း ၇၅ ဦးတို့ကို ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများကို ဘွဲ့များနှင့်လျော်ညီသောအဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့်ဝတ်ရုံများကိုဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီးနောက် အခမ်းအနားကိုရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ယနေ့ထိ သူနာပြုပါရဂူဘွဲ့ ၂၈ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ ၂၇၈ ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၄၂၉ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ ၂၀၄ ဦး၊သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ၁၁၃ ဦး၊ ဆေးဘက်ဆိုင်ရာအသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာဘွဲ့ ၁၆ ဦး၊ အထူးကြပ်မတ်သူနာပြုစုမှု ဒီပလိုမာဘွဲ့ ၂၂ ဦး၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာဘွဲ့ ၆၅ ဦး၊သူနာပြုသိပ္ပံဘွဲ့ ၁၂၆၉ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ၂၁၈ ဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာသိပ္ပံဘွဲ့ ၆၄၉ ဦး စုစုပေါင်း ၅၂၉၁ ဦးတို့ကို ဘွဲ့များအပ်နှင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ နည်းပြအရာရှိများ နိုင်ငံတကာအဆင့်မီ အတတ်ပညာများရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ ၁၉၉၈ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူအရာရှိတစ်ဦး၊ ၁၉၉၉ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူအရာရှိနှစ်ဦး၊ ၂၀၀၁ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူအရာရှိနှစ်ဦးနှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် သင်တန်းသူ အရာရှိ ရှစ်ဦးတို့ကို ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့ စေလွှတ်ပညာသင်ကြားစေခဲ့ပြီး အဆိုပါသင်တန်းသူအရာရှိ ၁၃ ဦးကို La Trobe တက္ကသိုလ်က ဘွဲ့အပ်နှင်းသည့်အခမ်းအနားကို ၂၀၀၄ ခုနှစ်တွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌အောင်မြင်စွာလက်ခံကျင်းပနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသားအရာရှိတစ်ဦးကို ထိုင်းနိုင်ငံ Burapha University သို့ စေလွှတ်ပညာသင်ကြားစေခဲ့သည်။

အလားတူ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်မှသင်တန်းဆင်းအထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှုသင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါအထူးကြပ်မတ်ကုသမှုသင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာသိပ္ပံဘွဲ့ သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

နံနက်စာကို အသားရေအသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန် တိုးချဲ့ငါးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန် တိုးချဲ့ငါးထပ်ကုသဆောင်သစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန် တိုးချဲ့ငါးထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ အဆိုပါဆေးရုံကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တိုးချဲ့ငါးထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ပဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တိုးချဲ့ငါးထပ်ဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များက ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေချိန်တွင် နိုင်ငံတော်နှင့်ပြည်သူလူထု၏ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်လျက်ရှိကြောင်း၊ **"လူ့အသက်ထက် အရေးကြီးတာဘာမှမရှိဆိုသည့်"** နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဓိကတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း၊ စတုတ္ထလှိုင်း ရောဂါကူးစက်မှု အဆိုးရွားဆုံးကာလအတွင်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရှိသမျှ လူစွမ်းအား၊ ပစ္စည်းစွမ်းအား၊ ဉာဏစွမ်းအားများနှင့် ဆောင်ရွက်ခဲ့သည်ကိုလည်း အားလုံးတွေ့ရှိနိုင်မှာဖြစ်ကြောင်း၊ နိုင်ငံ့အတွက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေး ဆောင်ရွက်ချိန်တွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေးမှာ အဓိကအခြေခံကျလျက်ရှိကြောင်း၊ ထိုသို့ မွေးထုတ်ပေးနိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်ကြရန်လိုပြီး ကျန်းမာမှုကြံ့ခိုင်မှာဖြစ်ပြီး ကျန်းမာကြံ့ခိုင်မှ ဘဝအတွက် လိုအပ်သည့် အသိပညာ၊ အတတ်ပညာများကို ကောင်းမွန်စွာ သင်ယူဆည်းပူးနိုင်မှာဖြစ်ပြီး နိုင်ငံတော်နှင့် မိမိတို့၏ ကိုယ်ကျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကောင်းမွန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်သည့်အတွက် ပြည်သူများအတွက်လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျ ဆက်လက်စီမံဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

၂၀၂၀ ပြည့်နှစ်မှ စတင်ကာ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုများကြောင့် နိုင်ငံအားလုံးသည် ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပြီး စီးပွားရေး၊ ပညာရေးသာမက ဆေးကုသရေးလုပ်ငန်းများတွင်လည်း ကပ်ရောဂါဖြစ်ပွားမှုကြောင့် နှောင့်နှေးခဲ့ရကြောင်း၊ ကျန်းမာရေးကဏ္ဍတွင်လည်း အရှိန်အဟုန်နှင့် ဆောင်ရွက်နေရသည့်လုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့်လုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများနှင့် ပြန်လည်ကုစားရာတွင် ကျန်းမာရေးကဏ္ဍရှိ နှောင့်နှေးခဲ့ရသည့် ပုံမှန် ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကုသရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ဆေးပညာသင်ကြားရေးလုပ်ငန်းများကို အင်အားပြည့်ဆောင်ရွက်နိုင်ကြရန်အတွက် အလေးထားဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ပြည်သူလူထုအပေါ် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင်လည်း ခရိုင်အဆင့် ကုသရေးဦးစီးဌာနရုံး ၄၈ ရုံးထိ တိုးမြှင့်ခွင့်ပြုထားရှိပြီးဖြစ်သည့်အတွက် စနစ်တကျကြပ်မတ်မှုများ ဆောင်ရွက်ပါက ပြည်သူများအပေါ် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်မှု ပိုမိုပေးနိုင်မည့်နယ်မြေသည်လည်း ပိုမိုကျယ်ပြန့်လာမှာဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်တွင် ပြည်သူ့ဆေးရုံပေါင်း ၁၁၇၈ ရုံ ဖွင့်လှစ်ခွင့်ပြုထားရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဆေးရုံစုစုပေါင်း ၈၃ ရုံ ခွင့်ပြုထားရာ လူဦးရေထူထပ်မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုတို့ကြောင့် လူနာများ လွှဲပြောင်းလက်ခံ ဆောင်ရွက်နိုင်သည့် ဗဟိုအဆင့် အထူးကုဆေးရုံ ၁၀ ရုံ ဖွင့်လှစ်ပြီး ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဆေးရုံအဆောက်အအုံသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့မှုအနေဖြင့် ရန်ကုန်မြို့ဝေဘာဂီအထူးကုဆေးရုံကြီးမှာပင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့သည့် ခုတင် ၁၀၀ ဆံ့ ဆေးရုံသစ်ကြီးသည် ကိုဗစ်-၁၉ ရောဂါအပါအဝင် ကူးစက်ရောဂါများကို ကုသပေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ ကုသခန်းများပါဝင်ပြီး မကြာသေးမီက ဖွင့်လှစ်ခဲ့သည့် ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့ ကိုးထပ်ကုသဆောင်သည်လည်း ခေတ်မီအဆောက်အအုံဖြစ်ရုံသာမက လူနာများ စိတ်အေးချမ်းစွာ ကုသမှုခံယူနိုင်အောင် ရှုထောင့်ပေါင်းစုံမှစဉ်းစားကာ အဆင့်မီ တည်ဆောက်ထားရှိကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန် တိုးချဲ့ငါးထပ်ကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဆေးရုံသမိုင်းကြောင်းအရ အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန်ကို ၁၈၉၅ ခုနှစ်မှာ မသန်စွမ်းနှင့် အနာကြီးရောဂါကုဂေဟာအဖြစ် **စာမျက်နှာ ၂၃ သို့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်ပေါ်လာပုံ၊ ကော်မတီများဖွဲ့စည်းထားရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းများသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ရန်ကုန်တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံများတွင် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထား ရှိမှု၊ ထွက်ရှိလာသည့် အသား၊ ငါး၊ ဟင်းသီး ဟင်းရွက်၊ ကြက်ဥနှင့် နွားနို့များကို အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစု ဝင်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများ ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အဆိုပါရှင်းလင်းဆောင် တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်ပေါ်လာပုံ၊ ကော်မတီများဖွဲ့စည်းထား ရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ဘက်စုံ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက် ခြင်းသည် တပ်မတော်သားများအပြင် နိုင်ငံ့ဝန်ထမ်းများကို ပြင်ပပေါက်ဈေးထက် သက်သာစွာရောင်းချပေးနိုင်ရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်သည့် အခြေအနေများ၊ အမြတ်ကိုအဓိကမထားဘဲ သက်သာ ချောင်ချိရေးကို ဦးစားပေးဆောင်ရွက် ကြရန်လိုသည့်အခြေအနေများ၊ မွေးမြူရေး ဆောင်ရွက်ရာတွင် မွေးမြူရေးသုတေသန အဖွဲ့များနှင့် တိုင်ပင်ဆွေးနွေး၍ ကျန်းမာ ရေးနှင့်ညီညွတ်သည့် ထုတ်ကုန်များရရှိ အောင် ဆောင်ရွက်ကြရန်လိုသည့် အခြေ အနေများ၊ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၏ စားရေးကို တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုနိုင်သည်ထိ စိုက်ပျိုးမွေးမြူရေးကို တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်သည့် အခြေအနေများ စသည်ဖြင့် မှာကြားသည်။

ဆက်လက်ပြီး ညောင်နှစ်ပင်အထူးဇုန် နှင့်ပတ်သက်၍ မြေပြင်တွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေမှုများကို ကြီးကြပ် ရေးအဖွဲ့များဖြင့် စနစ်တကျကြပ်မတ်ရန် လိုသည့် **စာမျက်နှာ ၂၆ သို့**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ငါးကန်အမှတ်(၁)မှ ငါးများဖော်ယူနေမှုအခြေအနေကို ကြည့်ရှုအားပေးစဉ်။**

---

**စာမျက်နှာ ၂၂ မှအဆက်**

စတင်ထူထောင်ဖွင့်လှစ်ခဲ့ကာ ၁၉၇၆ ခုနှစ် တွင် အရိုးရောဂါကုဆေးရုံအဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ခုတင် ၃၀၀ ဆံ့ ဆေးရုံအဖြစ် ခါးရိုးပိုင်း ဆိုင်ရာ ခွဲစိတ်ကုသခြင်း၊ လက်ပိုင်းဆိုင်ရာ အနုစိတ်ခွဲစိတ်ကုသခြင်း၊ ဒူးဆစ်ရိုး၊ ပေါင်ထိပ်ရိုး၊ အစားထိုးကုသခြင်းနှင့် အထွေထွေ အရိုးရောဂါကုသခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် ကျန်းမာရေးဝန်ထမ်းများ အင်အားပြည့်ထမ်းဆောင်နိုင်ရေးအတွက် လည်း လက်ထောက်ဆရာဝန်သစ်များ ခန့်ထားခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ပူးပေါင်း ဆောင်ရွက်ပေးခြင်း၊ သူနာပြုသစ်များ ခန့်အပ်ခြင်း၊ဆေးဘက်ကျွမ်းကျင်သင်တန်း များ၊ အကူသူနာပြုသင်တန်းများဖွင့်လှစ်ခြင်း၊ ဘာသာရပ်ဆိုင်ရာ အထူးကု ဆရာဝန်များ တိုးတက်လာအောင် ဘွဲ့လွန်သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ခြင်းတို့ကို ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့လုပ်ငန်းခွင် သာယာရေးအတွက် ယခုကဲ့သို့ ဆေးရုံ အဆောက်အအုံအသစ်များ ဆောက်လုပ် ပေးခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက် လုပ်ပေးခြင်း၊ ဝန်ထမ်းများအတွက် ရရှိသင့် သည့်ချီးမြှင့်ငွေများ ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုအဆောက်အအုံကို အချိန်မီနှင့် သတ်မှတ်အရည်အသွေးများနှင့် ပြည့်မီ အောင် ပံ့ပိုးဆောင်ရွက်ပေးကြသည့် ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ အရိုးရောဂါအထူးကုဆေးရုံကြီး -ရန်ကုန်မှ ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်း များကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားမှ သည် ပြည်သူများအားထားယုံကြည်ရသည့် အထူးကုဆေးရုံကြီးအဖြစ် ဆက်လက် ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ပေးကြရန်နှင့် အထူးကုဆေးရုံ ကြီး၏ အဆောက်အအုံသစ်လွင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေး ဝန်ဆောင်မှု ကောင်းမွန်ခြင်းနှင့် ဆေးရုံ သစ်ကြီး၏ အတွင်း၊ အပြင် ပတ်ဝန်းကျင် ကောင်းမွန်ခြင်း စသည့်အခြေအနေ ကောင်းများကို ဆေးရုံအုပ်ကြီးနှင့်တကွ ကျန်းမာရေးဝန်ထမ်းများ အားလုံးက မိသားစုစိတ်ဓာတ်ဖြင့် စုစည်းညီညွတ်စွာ ရေရှည်တည်တံ့ခိုင်မြဲရေး စနစ်တကျ ထိန်းသိမ်းကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အဆောက်အအုံနှင့်ပတ် သက်သည့် မှတ်တမ်းများကို ဆောက်လုပ် ရေးအထူးအဖွဲ့(၁)မှ ညွှန်ကြားရေးမှူးချုပ် က လွှဲပြောင်းပေးအပ်ရာ ကုသရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူ သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရလက်ဆောင် ကို ပေးအပ်သည်။ ထို့နောက် ရန်ကုန်



**အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန် တိုး၏ ငါးထပ်ကုသဆောင်သစ်ကို တွေ့ရစဉ်။**

ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် ဒေါက်တာသီတာလှက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တိုး၏ ငါးထပ်ဆောင်အတွင်း လှည့်လည် ကြည့်ရှုခဲ့ကြကြောင်း သတင်း ရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဟင်းသီးဟင်းရွက်များနှင့် ကြက်ဥများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှတ်(၃)စိုက်ပျိုးမွေးမြူရေးစခန်းတွင် ဝက်မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၂၃ မှအဆက်

အခြေအနေများ၊ ရန်ကုန်မြို့ရှိ လူဦးရေနှင့်အညီ Supply နှင့် Demend ကို မျှတမှုရှိစေရေး တွက်ချက်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ပိုလျှံသော သား၊ ငါးများကို ခေတ်မီအေးခဲစနစ်ဖြင့် ထိန်းသိမ်းနိုင်ရေးနှင့် ပြည်ပဈေးကွက်သို့ ပို့ဆောင်နိုင်ရေးစီမံသွားရန်နှင့် လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများ စသည်ဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ မှိုနှင့် ကြက်ဥများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ မိဘမျိုးရင်း နိုဝိုဂျင်ဘရောင်းမျိုးကြက်များ မွေးမြူထားရှိမှုအခြေအနေ၊ ငါးကန်အမှတ်(၁)မှ ငါးများဖော်ယူနေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။ အဆိုပါကန်၌ ငါးမြစ်ချင်းအကောင် ၁၅၀၀၊ ငါးတန်အကောင် ၈၀၀၊ ငါးမုတ်အကောင် ၅၀၀၊ မြက်စားငါးကြင်းအကောင် ၂၀၀ တို့ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ စတင်မွေးမြူခဲ့ရာ ယခုကန်ဖော်သည့်အချိန်တွင် ငါးတစ်ကောင်လျှင် ပျမ်းမျှတစ်ပိဿာခန့်ရှိပြီး ယနေ့ဖော်ယူရရှိမှုအနေဖြင့် ပိဿာ ၂၂၅၀ ဖော်ယူရရှိခဲ့ရာ ဈေးနှုန်းသက်သာစွာဖြင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းနောက် စိုက်ပျိုးမွေးမြူရေးခြံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကြက်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အမှတ်(၃)စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်၍ သားဖောက်ရန် မျိုးရင်းဝက်မွေးမြူထားရှိမှု အခြေအနေ၊ ကာကီကင်းဘဲ အကောင် ၁၀၀၀ မွေးမြူထားရှိသည့် အခြေအနေနှင့် ငါးကန် ၁၆ ကန်တွင် ငါးများမွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇)တို့မှ သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်းအခမ်းအနားကျင်းပ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျောင်းဆင်းသင်တန်းသားတစ်ဦးချင်းစီအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာပေးအပ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျောင်းဆင်းသင်တန်းသူတစ်ဦးချင်းစီအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာပေးအပ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၇)တို့မှ သင်တန်းဆင်းသင်တန်းသား၊ သင်တန်းသူများကို ဆေးဝန်ထမ်းတာဝန် ခန့်အပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်နှင့် ကျောင်းဆင်းသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်၌ နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ကျောင်းဆင်းသင်တန်းသား၊ သင်တန်းသူ တစ်ဦးချင်းစီကို ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST)အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့(PPST) အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်၊ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းနှင့်ဗိုလ်မှူးကြီးဝဏ္ဏအောင်၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ နာယက ဖြားတန်ခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်း၊ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ် စောစတီး၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှဒုတိယဥက္ကဋ္ဌ ကျာဖူးနှင့်ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကိုယ်စား ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) နာယက ဖြားတန်ခွန်ဥက္ကာနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာနကပေးအပ်သည့် SANDISOLAR MONO 18V5W မီးအိမ်များကို လက်ဆောင်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော် တပ်ရင်း၊တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲအတူတကွသုံးဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မှုတသည့်အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲကလမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ်(Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များနှင့်နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊စစ်သည်၊မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း၊တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိစစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး ပြင်ဦးလွင်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာသုံးဆောင်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး စစ်တွေမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာသုံးဆောင်စဉ်။

# စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများထောက်ပံ့၊ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနေရာများ၌ပြုလုပ်ရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများ၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသီးသီး အမှာစကားများ ပြောကြားကြသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းများကို စားသောက်ဖွယ်ရာများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြင်ဦးလွင်မြို့ရှိ စစ်မှုထမ်းဟောင်းများနှင့်မိသားစုဝင်များကို တွေ့ဆုံစဉ်။

ထို့နောက် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက ခန္တီးမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများနှင့်စစ်မှုထမ်းဟောင်းအဆင့်မြင့်အိမ်ရာ(ပြင်ဦးလွင်)မွမ်းမံရန်အတွက် အလှူငွေများပေးအပ်ခဲ့ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကိုယ်စား တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ငြိမ်းချမ်းရေးဓာတ်တော်တိုက် စေတီတော်တည်ဆောက်ရေးလုပ်ငန်းအတွက် စက်သုံးဆီများလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် ဝန်းသိုဘုန်းတော်ကြီးကျောင်းလမ်း ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ထားကိုးကွယ်မည့် ငြိမ်းချမ်းရေးဓာတ်တော်တိုက်စေတီတော် တည်ဆောက်ရေးလုပ်ငန်းအတွက် စက်သုံးဆီများလှူဒါန်းခြင်းကို ယနေ့တွင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ပြုလုပ်ရာ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် စက်သုံးဒီဇယ်ဆီ ဂါလန် ၂၅၀၀ နှင့် လှူဖွယ်ပစ္စည်းများကို တိုင်းမှူးနှင့် အလှူရှင်များက ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာထံ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် စက်သုံးဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**



# ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စု ဂျပ်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာအုပ်စု ဂျပ်ချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ၃၅၁ ဦးတို့ကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာရှိ ပစ္ဆိမာရုံကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုး၊ အကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် နယ်မြေခံဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။**

# ဒီဇင်ဘာ ၂၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၆၄၇ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၂၈၈ ဦး |

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဒီဇင်ဘာ ၂၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၁၃၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၃၀-၁၂-၂၀၂၂ (သောကြာနေ့)**

| | | |
|---|---|---|
| ၁။ | ဝ၈း၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၄း၃၀ | ပြည်သူကြားက ပြည်သူစကား |
| ၃။ | ၁၅း၀၀ | :Jumping Music |
| ၄။ | ၁၆း၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၂၂း၃၀ | Good Night Listeners |

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်နေ ခင်မောင်သန်း(ခ)ခင်မောင်ချင်းသည် ၎င်းအသုံးပြုသည့် "Khin Maung Thann" Facebook အကောင့်၊ ပျော်ဘွယ်မြို့နယ် မြင်းဘက်ရပ်ကွက်နေ သူဇာမင်းဝင်းသည် ၎င်းအသုံးပြုသည့် "Thuzar Min Win" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သောက်တော်တွင်းရပ်ကွက်နေ ဝင်းမော်မင်းသည် ၎င်းအသုံးပြုသည့် "Win Maw Minn" Facebookအကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရေဝတီတံတား(သရက်-အောင်လံ)တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်နိုင်ရန် လျာထား



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရေဝတီတံတား(သရက်-အောင်လံ)တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်နိုင်ရန်လျာထား ဆောင်ရွက်နေကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏သတင်းများအရ သိရသည်။

ရေဝတီတံတား(သရက်-အောင်လံ)ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်တည်ဆောက်နေခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီး သရက်ခရိုင် ရေဝတီမြစ်အရှေ့ဘက်ခြမ်းရှိ အောင်လံမြို့နှင့် အနောက်ဘက်ခြမ်းရှိ သရက်မြို့ကို ဆက်သွယ်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူစီးပွားရေးဇုန်မှတစ်ဆင့် အောင်လံ၊ နေပြည်တော်တို့ကို ဖြတ်သန်း၍ တရုတ်နိုင်ငံ ရွှေလီမြို့ထိ သွားလာနိုင်မည့်စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်တွင် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားသည် အရှည် ၂၂၇၂ ဒသမ ၅ မီတာရှိ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည်မှာ ၁၇၇၂ ဒသမ ၅ မီတာရှိကာ ၁၄၄ မီတာရှိ အခန်းပေါင်း ၁၂ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ တံတားချဉ်းကပ်လမ်းများမှာ သရက်မြို့ဘက်ကမ်းတွင် မီတာ ၃၀၀၊ အောင်လံမြို့ဘက်ကမ်းတွင် မီတာ ၂၄၀ ရှိပြီး တံတားအကျယ် ၁၀ ဒသမ ၅ မီတာ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် တစ်မီတာနှင့် ရေလမ်းကင်းလွတ်အကျယ်မှာ မီတာ ၁၃၀၊ အမြင့် ၁၆ မီတာရှိကြောင်း၊ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကို ငွေကျပ်သန်း ၉၈၀၀၀ အကုန်အကျခံတည်ဆောက်နေခြင်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါတံတား၏တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားနိုင်ရန် လျာထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ရေလယ်တိုင်လုပ်ငန်းများ၊ ချဉ်းကပ်တံတားများ၊ တံတားချဉ်းကပ်လမ်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလနောက်ဆုံးပတ်က ၅၃ ရာခိုင်နှုန်းထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ SKL

## မော်လမြိုင်မြို့၌ မရမ်းကျေးရွာကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်

**မော်လမြိုင် ဒီဇင်ဘာ ၂၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မရမ်းကျေးရွာအတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်း ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ယုက အမှာစကားပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြား ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးက မရမ်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မော်လမြိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ယု၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **သုတ**

**ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

ခရီးသွားဆောင်းပါး

# ရှာငံမြို့က ရေပြာအိုင်

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်အတွင်းမှာရှိတဲ့ အလယ်ချောင်ရေတံခွန်ရှိရာကို ခရီးဖော်တွေအားလုံး စုစုဝေးဝေးနဲ့ တောတွင်းခရီးနှင်နေကြပါပြီ။ ဒုတိယအခေါက်လဲဖြစ်၊ မိမိကိုယ်တိုင်က လမ်းပြအဖြစ် ဦးဆောင်ခေါ်လာခဲ့ရတဲ့ ရေတံခွန်လမ်းက သွားလာနေသူတစ်ဦးတစ်ယောက်ကိုမှ မတွေ့မမြင်ရဘဲ ရှင်းလင်းနေတယ်။ ပထမအကြိမ်ရောက်ဖူးထားတာကြောင့် သိသာထင်ရှားနေသေးတဲ့ တောတွင်းလမ်းအတိုင်း လျှောက်လာကြရင်းရဲ့ လမ်းခွဲတစ်နေရာအရောက်မှာ လမ်းမှားသွားခဲ့ရပြီး ရေတံခွန်ရှိရာကိုမရောက်ဘဲ လိမ္မော်ခြံကြီးတစ်ခြံအတွင်း ရောက်ရှိသွားကြတယ်။ တောတွင်းလမ်းမှာ လိမ္မော်ခြံတွေနဲ့ အခြားစိုက်ခင်းတွေ၊ ကော်ဖီခြံတွေရှိနေကြလို့ ခြံတွေရှိရာကိုသွားတဲ့လမ်းခွဲကလေးတွေရှိနေတတ်ပြီး မထင်မှတ်ဘဲ လမ်းမှားသွားခဲ့ရတာပါ။ ရေသံတွေကြားနေရတာနဲ့အတူ ရေတံခွန်က လမ်းရဲ့ညာဘက်မှာလို့ သိရှိထားပြီးဖြစ်တဲ့အတိုင်း ညာဘက်လမ်းကို လိုက်သွားမိခဲ့တယ်။ ရေတံခွန်ကို သွားမယ်ဆိုရင် ကြီးမားထင်ရှားတဲ့လမ်းခွဲတစ်ခုကို တွေ့တဲ့အခါ ညာဘက်လမ်းကမသွားဘဲ ဘယ်ဘက်လမ်းကနေ သွားကြရပါမယ်။ အရင်တစ်ခေါက်တုန်းကတော့ လမ်းခွဲတွေ၊ လမ်းခွတွေ၊ လမ်းချိုးတွေ၊ လမ်းမြောင်တွေကို သတိမထားမိခဲ့ဘဲ သူတကာသွားရာနောက်ကနေ လိုက်သွားရင်း ရေတံခွန်ရှိရာကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားခဲ့ရတယ်။

မှားစရာမရှိတော့တဲ့ တောတွင်းလမ်းအတိုင်း လျှောက်လာကြရင်း အတက်မော့မော့တစ်ခုကိုတက်ပြီးတာနဲ့ ရေတံခွန်ရှိရာကို ရောက်လာကြတယ်။ ခန့်မှန်းလမ်းလျှောက်ချိန် မိနစ် ၃၀ လောက်ကြာမြင့်ခဲ့တယ်။ ရေတံခွန်နေရာက လမ်းအဆုံးမှာတည်ရှိနေပြီး ရှေ့ဆက်လမ်းလဲမရှိတော့ပါဘူး။ လမ်းတစ်လျှောက်လုံးမှာကော၊ ရေတံခွန်ထိရောက်တဲ့အချိန်မှာကော လူသူတစ်ယောက်မှမရှိဘဲ ကင်းရှင်းနေတာကို ထူးထူးခြားခြားအဖြစ် မြင်တွေ့နေရတယ်။ ဘာကြောင့်လဲဆိုတော့ ပထမအကြိမ်သွားရောက်ခဲ့တဲ့နှစ်က ကိုဗစ်-၁၉ ရောဂါမတိုင်ခင် နှစ်နှစ်ကျော်၊ သုံးနှစ်လောက် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ဖြစ်ပြီး အခုအခါသွားရောက်ကြတာက ခရီးသွားလုပ်ငန်းတွေ ပြန်လည်ခွင့်ပြုဖွင့်လှစ်ပြီးချိန် တန်ဆောင်မုန်းလမပြည့်ခင်တစ်ရက် အဖိတ်နေ့ဖြစ်နေလို့ပါ။ အခါကြီးရက်ကြီးတွေဖြစ်နေတာချင်းအတူတူ အခုတစ်ခေါက်ရောက်ရှိတဲ့အချိန်မှာ ခရီးသွားဧည့်သည်တွေကို တစ်ယောက်မှ မတွေ့ရလို့ အံ့ဩနေရတယ်။ ပထမတစ်ခေါက်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တုန်းက ဒေသခံဆိုင်တွေ၊ ခရီးသွားဧည့်သည်တွေနဲ့ အလွန်စည်ကားနေတာကို မြင်တွေ့ခဲ့ရတယ်။

ဘယ်သူမှမရှိဘဲ လူသူကင်းရှင်းနေတဲ့ အလယ်ချောင်ရေတံခွန်မှာ မိမိတို့တစ်ဖွဲ့တည်း လွတ်လွတ်လပ်လပ်ပျော်ရွှင်ကြရတယ်။ အဓိကအားဖြင့် ရေတံခွန်အလှနဲ့အတူ အနှောင့်အယှက်ကင်းရှင်းစွာ ဘယ်သူ့ကိုမှ စောင့်ဆိုင်းနေစရာမလို၊ ဘယ်သူ့ကိုမှ အားနာစရာမလိုဘဲ စိတ်တိုင်းကျဓာတ်ပုံတွေရိုက်ယူခွင့်ရကြတာပါ။ ရေတံခွန်ရဲ့ပုံစံနဲ့အနေအထားကလဲ အလွန်ကို သာယာလှပနေတယ်။ အထပ်အမြင့်အဆင့်ပေါင်း ခုနစ်ဆင့်ကနေ အဆင့်ဆင့် အထပ်ထပ်ဖြာကျစီးဆင်းနေတာပါ။ အဆင့်တစ်ခုချင်းစီကလဲ အနည်းဆုံး ၁၀ ပေ၊ ၁၅ ပေ၊ ပေ ၂၀ ကျော်ထိရှိနေတာကြောင့် ရေတံခွန်က မြင့်မားရှည်လျားနေတယ်။ အဆင့်တွေအားလုံးကလဲ အကွေ့အကောက်မရှိဘဲ တစ်ဆက်တစ်ဆက်တည်း အလျားအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် စီးဆင်းနေတာဖြစ်လို့လဲ ရေတံခွန်ကြီးက အခြားရေတံခွန်တွေနဲ့မတူဘဲ တစ်မူ ထူးခြားစွာလှပလို့နေတယ်။

ဒါပေမဲ့ မိုးကုန်အပြီး တန်ဆောင်မုန်းလပြည့်နေ့မတိုင်ခင် တစ်ရက်အလို အချိန်ကာလဖြစ်နေတာကြောင့် ရေတံခွန်မှာ အရှိန်ပြင်းပြင်းနဲ့ ဒလဟောကျနေတဲ့ရေတွေအများအပြားမရှိဘဲ ပုံမှန်သင့်တင့်လှပရုံလောက်သာစီးဆင်းနေလို့ အန္တရာယ်ကင်းစွာ ဆော့ကစားခွင့်၊ နေရာစုံကနေ ဓာတ်ပုံရိုက်ခွင့်၊ ဖြတ်သန်းသွားလာခွင့်တွေရနေကြတယ်။ နှစ်ရှည်လများ ရေတိုက်စားမှုဒဏ်တွေကြောင့် ရေတံခွန်အောက်မှာရှိနေတဲ့ ကျောက်တုံးကြီးတွေက ပြောင်ချောနေကြပေမဲ့ ရေညှိတက်ခြင်းမရှိကြလို့ ချော်ကျခြင်း၊ လိမ့်ကျတာတွေမရှိကြပါဘူး။ ရေမထိတဲ့ကျောက်တုံးတွေမှာ ရေညှိတွေတက်နေလေ့ရှိလို့ မသွားမိ၊ မနင်းမိအောင်တော့ သတိထားဆင်ခြင်ကြရတယ်။ လူသားတွေအပါအဝင် သတ္တဝါတွေအားလုံးက ရေတွေ့ရင်ပျော်ရွှင်ကြည်နူးဆော့ကစားတတ်ကြတဲ့အထဲမှာ လူငယ်၊ လူရွယ်တွေ၊ ကလေးငယ်တွေက ပိုမိုပျော်ရွှင်တတ်ကြပါတယ်။ အခုလဲ ရေတံခွန်ရဲ့လှပမှုနဲ့အတူ တဖွားဖွားကျနေတဲ့ ရေတွေအောက်မှာ ခရီးဖော်အဖြစ်လိုက်ပါလာကြတဲ့ ကလေးတွေပျော်ရွှင်ဝမ်းသာအားရနဲ့ ဆော့ကစားနေကြတဲ့မြင်ကွင်းတွေကိုကြည့်ပြီး မိမိတို့လူကြီးတွေကိုယ်တိုင်က ရောနှောပျော်ရွှင်လာခဲ့ရတယ်။ ရေတွေအလွန်များတဲ့အချိန်နဲ့ ဧည့်သည်တွေအလွန်စည်ကားတဲ့အချိန်တွေမှာ ဒီလောက်ပျော်ရွှင်ကြရမှာမဟုတ်ပါဘူး။



ရှာငံမြို့ရှိ ရေပြာအိုင်ကို တွေ့ရစဉ်။

အလယ်ချောင်ရေတံခွန်မှာ အားပါးတရရေဆော့ကစား၊ အမှတ်တရဓာတ်ပုံတွေကို စိတ်တိုင်းကျရိုက်ယူခဲ့ကြပြီးမှ ပြန်လာခဲ့ကြတယ်။ တောတွင်းလမ်းအတိုင်း လမ်းမှားတာမရှိတော့တဲ့ အပြန်ခရီးက ပိုမိုမြန်ဆန်နေတယ်။ နောက်ထပ်ခရီးဆက်ကြမဲ့နေရာက ရှာငံမြို့နယ်မှာ ထင်ရှားကျော်ကြားပြီး လူသိများလှတဲ့ ရေပြာအိုင်နဲ့ ရှစ်ထပ်ရေတံခွန်နေရာတွေပါ။ ဒီနေရာတွေက တောကျယ်ရွာမှာရှိတာကြောင့် တောကျယ်ရေပြာအိုင်နဲ့ တောကျယ်ရေတံခွန်လို့လဲ ခေါ်ဆိုကြတယ်။ ရေပြာအိုင်နဲ့ ရှစ်ထပ်ရေတံခွန်က ရှာငံ-အောင်ပန်းကားလမ်းအတိုင်းသွားပြီးမှ လမ်းခွဲနေရာရောက်ရင် အထဲကိုတစ်မိုင်လောက်ဝင်သွားရပါမယ်။

အချိန်က မနက် ၁၁ နာရီလောက်ရှိနေပြီဖြစ်ပြီး အားလုံးက ထမင်းမဆာကြသေးဘူးဆိုလို့ ရေပြာအိုင်ကို ရောက်ရှိလည်ပတ်ကြပြီးမှ နေ့လယ်စာထမင်းစားသောက်ကြဖို့ စီစဉ်ထားလိုက်တယ်။ အလယ်ချောင်ရေတံခွန်ကနေ ထွက်လာကတည်းက တစ်လမ်းလုံးအသွားအလာနည်းပြီး ရှင်းလင်းနေတယ်။ ဒါကြောင့်မို့လဲ ရှုခင်းကောင်းတဲ့နေရာတိုင်းမှာ ကားရပ်ပြီး အလှဓာတ်ပုံတွေရိုက်ယူနေကြရတယ်။ အဖျူ၊ အဝါ၊ အစိမ်း၊ အနီ၊ အပြာ၊ အနု၊ အရင့် ရောင်စုံသန်းနေတဲ့ ရှာငံ-အောင်ပန်းလမ်းက စိုက်ခင်း၊ စိုက်ကွက်ရှုခင်းအလှတွေက မြန်မာနိုင်ငံမှာသာမက ကမ္ဘာမှာလဲ နာမည်ကြီးလှပါတယ်။ ဓာတ်ပုံပညာရှင်တွေ၊ ဝါသနာရှင်တွေ တကူးတကလာရောက်ပြီး ဓာတ်ပုံရိုက်ယူနေကြရကြောင်း သိထားရတယ်။

ရှုခင်းတွေကိုကြည့်ရင်း၊ ဓာတ်ပုံတွေရိုက်ရင်း၊ ကားဆက်မောင်းရင်းနဲ့ တောကျယ်ရွာအဝင်လမ်းဆုံကို ရောက်လာကြတယ်။ ပြောင်းလဲသွားတာမရှိတဲ့ အဝင်လမ်းဆုံနဲ့ သိသာထင်ရှားတဲ့လမ်းညွှန်ဆိုင်းဘုတ်တွေကြောင့် ဒီအချိန်မှာ လမ်းမှားသွားတာ၊ ကျော်လွန်သွားတာမရှိတော့ဘဲ အလွယ်တကူဝင်ရောက်လာနိုင်ခဲ့တယ်။ လမ်းခွဲကနေ ဝင်ဝင်ချင်း သတိထားမိလိုက်တာတစ်ခုက အရင်လိုကျောက်ခင်းလမ်းမဟုတ်တော့ဘဲ ညီညာဖြောင့်ဖြူးတဲ့ ကတ္တရာလမ်းအဖြစ် ပြောင်းလဲသွားခဲ့တာပါ။ အရင်တုန်းကတော့ မညီညာတဲ့ ကျောက်ခင်းလမ်းပေါ်မှာ ဖုန်တထောင်းထောင်းနဲ့ မောင်းနှင်ခဲ့ရတယ်။ လမ်းခွဲကနေ တောကျယ်ရွာထိ တစ်မိုင်ဆိုတဲ့ခရီးကို ကတ္တရာခင်းလမ်းကောင်းအတိုင်း တစ်ခဏသာ မောင်းနှင်လာခဲ့ရလောက်အောင် လမ်းအခြေအနေတွေက ကောင်းမွန်နေပါပြီ။

ရေပြာအိုင်အဝင်ကိုရောက်တော့ ထိုးဆိုက်ထားတဲ့ ကားကြီး၊ ကားငယ်တွေ၊ ခရီးသွားဧည့်သည်တွေ၊ ဈေးဆိုင်တန်းကြီးကြီး၊ ငယ်ငယ်တွေကို စည်စည်ကားကား များများပြားပြားတွေ့လိုက်လို့ တအံ့တဩဖြစ်သွားခဲ့ရတယ်။ ရှာငံမြို့နယ်ထဲမှာ ထင်ရှားကျော်ကြား လှပတာချင်းအတူတူ ရေဖြူကန်နဲ့ အလယ်ချောင်ရေတံခွန်တွေမှာ လူတစ်ဦးတစ်ယောက်မှမရှိဘဲ ရေပြာအိုင်ရောက်မှ လူတွေအများအပြားစည်ကားနေတာကြောင့်ပါ။ ရေပြာအိုင်အဝင်ထိပ်မှာ ထမင်းဆိုင်တန်းတွေ၊ စားသောက်ဆိုင်တွေနဲ့အတူ ဒေသထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ ဆေးမြစ်၊ ဆေးဥတွေ၊ ပျားရည်တွေ၊ သစ်ပင်ပန်းပင်တွေ၊ ရိုးရာလက်မှုပစ္စည်းအမျိုးမျိုးတွေအပြင် ပြောင်းဖူးပြုတ်၊ ငုံးဥပြုတ်၊ ကန်စွန်းဥပြုတ်၊ မြေပဲပြုတ်၊ အာဒါလွတ်ဥပြုတ်၊ ကောက်ညှင်းကျည်တောက်၊ မုန့်ဖက်ထုပ် စတဲ့ ဆိုင်လေးတွေလဲရှိနေကြတယ်။ မြန်မာလူမျိုးတွေရဲ့အကျင့်က သရေစာမြင်ရင် စားချင်နေကြတဲ့အတိုင်း ရောင်းချနေတဲ့အစားအစာတွေအားလုံးကလဲ စားချင်စဖွယ် ပူပူနွေးနွေးအငွေ့တထောင်းထောင်းဖြစ်နေတာကြောင့် ဈေးဆိုင်လေးတွေမှာ ရောင်းသူနဲ့ ဝယ်သူတွေ စည်ကားနေကြပါတယ်။

ဈေးဆိုင်တန်းနဲ့ ရေပြာအိုင်က အလှမ်းမဝေးတော့ဘဲ လျှောက်လမ်းလေးအတိုင်း ခြေလှမ်းအနည်းငယ်လျှောက်သွားရုံလောက်နဲ့ ရောက်ကြရမှာပါ။ ကွန်ကရစ်ခင်းလျှောက်လမ်းရဲ့ညာဘက်မှာ သဘာဝစိမ့်ရေထွက်တောအုပ်လေးတစ်ခုနဲ့ ဘယ်ဘက်မှာ စိမ့်ရေကန်ကြီးတစ်ကန်ရှိနေကြတယ်။ ဘယ်ဘက်မှာရှိနေတဲ့ ရေကန်ကြီးအဆုံးကိုရောက်တာနဲ့ ရေပြာကန်ရှိရာ ကုန်းထိပ်ကိုရောက်ပါပြီ။ ကုန်းထိပ်ကနေ အုတ်လှေကားထစ်လေးတွေအတိုင်း အထစ် ၂၀ ကျော် ၃၀ လောက် ဆင်းလာလိုက်တာနဲ့ ရေပြာအိုင်အစပ်ကို ရောက်ကြရတယ်။ အုတ်လှေကားတွေ အတိုင်း ဆင်းမလာဘဲ လှေကားထိပ်အပေါ်ကနေကြည့်ရင်လဲ ရေပြာအိုင်ကို မြင်ကြရပါတယ်။ ဒါပေမဲ့ လူတို့ရဲ့ အနီးကပ်မှ မြင်ချင်၊ တွေ့ချင်တဲ့ဆန္ဒတွေကြောင့် ရောက်လာသူတိုင်းက အိုင်စပ်ထိ ဆင်းလာနေကြတယ်။

၁၀ ပေလောက်ကျယ်တဲ့ အုတ်လှေကားမှာ အတက်နဲ့အဆင်း ခွဲခြားသွားနိုင်အောင် အလယ်ဗဟိုမှာ လက်ကိုင်သံတန်းတွေနဲ့ ကာရံထားပေမဲ့ ဧည့်သည်တွေစည်ကားများပြားတဲ့အပြင် လှေကားအတက်အဆင်းတွေမှာ ရေပြာအိုင်ကို နောက်ခံထားပြီး ဓာတ်ပုံရိုက်နေကြသူတွေ၊ အတက်၊အဆင်းနှေးကွေးတဲ့ ကလေးငယ်တွေ၊ အသက်အရွယ်ကြီးသူတွေကြောင့် တစ်ယောက်ကိုတစ်ယောက်က စောင့်ဆိုင်းရပ်တန့်သွားလာဆင်းတက်နေကြရတယ်။ ရေပြာအိုင်အစပ်မှာလဲ လှေ့လာကြည့်ရှုနေကြသူတွေ၊ ဓာတ်ပုံရိုက်နေကြသူတွေနဲ့ အပြည့်ဖြစ်နေတယ်။ ရေဖြူကန်နဲ့ အလယ်ချောင်ရေတံခွန်မှာလို လွတ်လွတ်လပ်လပ်ဓာတ်ပုံရိုက်ခွင့်မရကြဘဲ မှတ်တမ်းဓာတ်ပုံဖြစ်ရင်ပြီးရော၊ အမှတ်တရဖြစ်ရင်ပြီးရောဆိုပြီး လူတွေရောရောနှောနှော ရှုပ်ရှုပ်ယှက်ယှက်ကြားကနေ မဖြစ်ဖြစ်အောင် ရိုက်ယူကြရတယ်။ အဖွဲ့တစ်ဖွဲ့က လေ့လာကြည့်ရှု၊ဓာတ်ပုံတွေရိုက်လို့ မပြီးသေးခင် နောက်ထပ်အဖွဲ့တွေက ဆင်းလာ၊ အဖွဲ့တစ်ခု ပြန်တက်လာနေချိန်မှာ အခြားအဖွဲ့တွေက ဆင်းလာနဲ့ အတက်၊ အဆင်းလှေကားနဲ့ အိုင်အစပ်တစ်လျှောက်မှာ လူတွေပြည့်ကျပ်နေတော့တယ်။

ရေပြာအိုင်မှာ လေ့လာကြည့်ရှုရသလောက် ရေပြာအိုင်ဆိုတဲ့အတိုင်း အိုင်ကြီးတစ်ခုလုံးကို အပြာရောင်အဖြစ် မြင်တွေ့နေရတယ်။ အိုင်ထဲကရေကိုခပ်ယူကြည့်ရှုလို့မရတဲ့အတွက်ကြောင့် အိုင်ကပြာတာလား၊ ရေကပြာတာလားဆိုတာကိုတော့ ခွဲခြားမပြောနိုင်ပါဘူး။ ရေအိုင်ရှိတဲ့နေရာနဲ့ လူတွေရပ်တန့်ကြည့်ရှုရတဲ့နေရာက လှမ်းယူခပ်လို့မရအောင် ဝေးကွာနေပါတယ်။ ရေဖြူကန်မှာတုန်းကတော့ ကန်ထဲထိဆင်းပြီး ရေချိုး၊ ရေဆော့လို့ရနေတာကြောင့် ရေတွေကို ခပ်ယူကြည့်ရှုတဲ့အခါ ခပ်ယူလိုက်တဲ့ ရေအားလုံးက ဖွေးဖွေးဖြူနေတာကို လက်တွေ့ကျကျ တွေ့မြင်ခဲ့ရတယ်။

ရေပြာအိုင်မှာ ရေနဲ့အိုင် ဘယ်သူကပြာတာလဲဆိုတာမပြောနိုင်ပေမဲ့ အိုင်တစ်ခုလုံးကတော့ပြာနေပါတယ်။ ရေတွေကလဲ ကြည်လင်နေပြီး ရေအောက်မှာရှိနေတဲ့ ကျောက်တုံး၊ ကျောက်ခဲတွေ၊ သစ်တုံးတွေ၊ ကူးခပ်သွားလာနေကြတဲ့ ငါးတွေကို အတိုင်းသားမြင်တွေ့နေရတယ်။ အိုင်အကျယ်အဝန်းက သာမန်ရေကူးကန်တစ်ကန်လောက်သာရှိနေတယ်။ လူတွေရပ်တန့်ကြည့်ရှုနေတဲ့နေရာကလွဲပြီး ကျန်နေရာတွေအားလုံးမှာ သဘာဝသစ်ပင်၊ သစ်တောနဲ့ စိမ့်ရေတွေ ပေါက်ရောက်ထွက်ရှိနေကြတယ်။ ကန်ကပဲပြာပြာ၊ ရေကပဲပြာပြာ ရေပြာအိုင်ဆိုတဲ့အတိုင်း နာမည်နဲ့လိုက်အောင်မြင်တွေ့ကြရတဲ့အတွက် ရောက်လာသူအားလုံးက သဘောကျကျေနပ်နှစ်ခြိုက်ကြရပါတယ်။ ရေပြာအိုင်မှာလေ့လာပြီးရင် ရှစ်ထပ်ရေတံခွန်ရှိရာကို ဆက်လက်သွားရောက်ကြရပါအုံးမယ်။

# စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံကောင်းနေတဲ့ လီဗာပူး၊ နယူးကာဆယ်၊ ဗလင်စီယာအသင်းတို့ကို ရွေးချယ်ရမှာပါ




အခုတစ်ပတ်စနေနေ့ညမှာတော့ အမှတ်ပေးပွဲစဉ်တွေထဲက ပရီးမီးယားလိဂ်နဲ့ စပိန်လာလီဂါပွဲစဉ်တွေ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ပရီးမီးယားလိဂ်ဟာ ခရစ္စမတ်အလွန်ကာလမှာ ဘောက်ဆင်ဒေးအဖြစ် ပွဲတွေဆက်တိုက်ကစားနေတာဖြစ်လို့ ဒဏ်ရာရ၊ ပွဲပယ်ကစားသမားတွေ ရှိနေတာကိုသတိပြုရမှာပါ။ အဲဒီထဲက ကမ္ဘာ့ဖလားမှာ ပါဝင်ကစားခဲ့တဲ့ ကစားသမားတွေအနေနဲ့ ပွဲပန်းမှုဒဏ်တွေရှိနိုင်တာကြောင့် ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းတွေအနေနဲ့ အခုကာလမှာ ရုန်းကန်ရမှာသေချာပါတယ်။ အဲဒီထဲက ကစားသမားစုဖွဲ့မှုကောင်းမွန်ပြီး တိုက်စစ်ကစားပုံထက်မြက်တဲ့အသင်းတွေကိုပဲ စနေနေ့ညအတွက် ရွေးချယ်သွားမှာဖြစ်ပါတယ်။

### လီဗာပူးနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လီဗာပူးအသင်းနဲ့ လက်စတာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာတော့ လီဗာပူးအသင်းက နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ လီဗာပူးအသင်းက ဆာလာဟ်မပါဝင်နိုင်ခဲ့ပေမဲ့ ဂျိုတာက အသင်းအတွက် အနိုင်ဂိုးတွေသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ လီဗာပူးအသင်းကို တိုက်စစ်မှူးဆာလာဟ်က ဦးဆောင်နေသလို အမှတ်ပေးပြိုင်ပွဲမှာလဲ သွင်းဂိုးခုနစ်ဂိုးနဲ့ ဂိုးဖန်တီးမှုလေးကြိမ်ထိ ပြုလုပ်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဆာလာဟ်ဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာလဲ ခြေစွမ်းပြသနိုင်ခဲ့ပြီး အေဗီလာအသင်းကို ဦးဆောင်ဂိုးသွင်းယူပေးခဲ့သလို တစ်ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ တောင်ပံကစားသမားတွေဖြစ်တဲ့ ဂျိုတာ၊ ဒီယက်ဂ်၊ ဖာမင်နိုတို့မပါနိုင်ပေမဲ့လဲ ဆာလာဟ်၊ နူနက်တို့အတွဲက ပြိုင်ဘက်ခံစစ်ကြောင်းကို ပွဲချိန်ပြည့်ဒုက္ခပေးနိုင်တာကြောင့် လိုအပ်တဲ့သွင်းဂိုးတွေ ရရှိနေတာဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ လက်ရှိအမှတ်ပေးပွဲ ၁၅ ပွဲအပြီးမှာ ရမှတ် ၂၅ မှတ်ရယူနိုင်ခဲ့တာကြောင့် အဆင့်(၄) စပါးအသင်းနဲ့ ရမှတ် ငါးမှတ်ပဲကွာဟပြီး ချန်ပီယံလိဂ်မျှော်လင့်ချက် ရှင်သန်လာတာဖြစ်ပါတယ်။

လက်စတာအသင်းအနေနဲ့ ကမ္ဘာ့ဖလားမတိုင်ခင်ပွဲစဉ်မှာ ပုံစံကောင်းပြန်လည်ရရှိခဲ့ပေမဲ့ ပြီးခဲ့တဲ့ နယူးကာဆယ်အသင်းနဲ့ပွဲစဉ်မှာတော့ ခံစစ်ပိုင်းအားနည်းချက်ကြောင့် သုံးဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းရဲ့ ခံစစ်ပိုင်းအားနည်းချက်ကို တွေ့မြင်ရမှာဖြစ်သလို မက်ဒီဆင်မပါဝင်နိုင်တဲ့ကွင်းလယ်ဟာ အလုပ်မဖြစ်ဘဲ နယူးကာဆယ်အသင်းရဲ့ဖိအားပေးမှုကိုပဲ ခံရတာကြောင့် ပထမပိုင်းနဲ့ သုံးဂိုးပြတ်ခွင့်ပြုခဲ့ရပြီး ရှုံးပွဲကြုံခဲ့တာပါ။ လက်ရှိမှာလဲ အသင်းရဲ့ခံစစ်ကစားသမားတွေဖြစ်တဲ့ အီဗန်၊ ဂျိမ်းဂျက်စတင်၊ ပါရဲရား၊ ဘာထရန်တို့ ဒဏ်ရာရနေသလို ကွင်းလယ်က မက်ဒီဆင်၊ ပါရက်တ်တို့လဲ ပါဝင်ဖို့မသေချာတာကြောင့် ကစားကွက်ပိုင်းအားနည်းသွားမှာ သေချာပါတယ်။ သူတို့အသင်းအနေနဲ့ ၁၆ ပွဲကစားအပြီးမှာ ရဂိုး ၂၅ ဂိုးထိရှိခဲ့ပေမဲ့ ခံစစ်ပိုင်းက ပေးဂိုး ၂၈ ဂိုးထိခွင့်ပြုခဲ့ရတာကြောင့် ပရီးမီးယားလိဂ်မှာ တတိယပေးဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ နည်းပြ ရော်ဂျာအနေနဲ့ ၄-၂-၃-၁ ကစားကွက်နဲ့ပွဲထွက်နေပေမဲ့ ဒီကစားကွက်မှာ နောက်တန်းနဲ့ ကွင်းလယ်အားနည်းချက်ကို မပြင်နိုင်သေးတာကြောင့် ကွင်းလယ်နဲ့ တိုက်စစ်ကောင်းတဲ့ လီဗာပူးရဲ့သွင်းဂိုးတွေကို တားဆီးနိုင်ဖို့မလွယ်ပါဘူး။ ဒါ့ပြင် လက်စတာအသင်းဟာ လီဗာပူးနဲ့ တွေ့ဆုံခဲ့တဲ့ အိမ်ကွင်းပွဲစဉ်တွေမှာလဲ နိုင်ပွဲမရခဲ့တာကြောင့် နိုင်ပွဲရှာဖွေရမဲ့ အိမ်ရှင်နဲ့ပဲ လက်တွဲရမှာပါ။

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၃ | - | ၁ | ဆောက်သမ်တန် |
| လီဗာပူး | ၁ | - | ၃ | လိုင်ယွန် |
| လီဗာပူး | ၄ | - | ၁ | အေစီမီလန် |
| မန်စီးတီး | ၃ | - | ၂ | လီဗာပူး |
| အေဗီလာ | ၁ | - | ၃ | လီဗာပူး |

### လက်စတာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လက်စတာ | ၃ | - | ၀ | နယူးပေါ့ |
| ဝက်စ်ဟမ်း | ၀ | - | ၂ | လက်စတာ |
| လက်စတာ | ၀ | - | ၀ | ထရွိုင်းယက် |
| မီတန် | ၀ | - | ၃ | လက်စတာ |
| လက်စတာ | ၀ | - | ၃ | နယူးကာဆယ် |

### နယူးကာဆယ်ကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ နယူးကာဆယ်အသင်းနဲ့လိဒ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြဟိုဝီရဲ့ နယူးကာဆယ်အသင်းဟာ အခုရာသီမှာ ပုံစံကောင်းရရှိနေတာကြောင့် ပရီးမီးယားလိဂ်မှာ ရှုံးပွဲတစ်ပွဲပဲရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့ရှုံးနိမ့်ခဲ့တာကလဲ လီဗာပူးအသင်းကို အဝေးကွင်းမှာဖြစ်ပြီး မန်ယူ၊ ချဲလ်ဆီး၊ မန်စီးတီး၊ စပါးအသင်းတို့ကို ရှုံးနိမ့်ခဲ့တာမရှိပါဘူး။ သူတို့အသင်းအနေနဲ့ အိမ်ကွင်းရှစ်ပွဲမှာ ငါးပွဲနိုင်၊ သုံးပွဲသရေ ကစားနိုင်ခဲ့သလို လက်ရှိမှာလဲ အသင်းရဲ့ကွင်းလယ်ကစားသမား အယ်မီရွန်၊ ဂွီမာရေ့စ်၊ ခံစစ်က ထရစ်ပီယာတို့အတွဲက နယူးကာဆယ်အသင်းရဲ့တိုက်စစ်လမ်းကြောင်းကိုပုံဖော်ပြီး ဂိုးတွေသွင်းယူနေတာကိုတွေ့ရမှာပါ။ လက်ရှိသူတို့အသင်းတိုက်စစ်ပိုင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ငါးပွဲမှာ သွင်းဂိုး ၁၂ ဂိုးထိရှိခဲ့ပြီး ပေးဂိုးတစ်ဂိုးသာရှိထားတဲ့ ခံစစ်ပိုင်းကလဲ အားရစရာကောင်းပါတယ်။ အခုပွဲစဉ်မှာတော့ တိုက်စစ်ပိုင်းက ဝယ်လ်ဆင်၊ အစ်ဆက်ခ်တို့ ဒဏ်ရာရနေပေမဲ့ အဲဒီကစားသမားတွေနေရာမှာ ခရစ်ဝုဒ်၊ စိန့်မက်ဆီမန်တို့လိုကစားသမားတွေရှိနေတာကြောင့် တိုက်စစ်ပိုင်းကျဆင်းသွားမှာမဟုတ်ပါဘူး။

လိဒ်အသင်းကတော့ အိမ်ကွင်းတိုက်စစ်ကစားပုံကောင်းပေမဲ့ ခံစစ်ပိုင်းကတော့ ပေးဂိုးများနေဆဲဖြစ်ပါတယ်။ သူတို့အသင်း ခံစစ်ပိုင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲဆက်မှာလဲ ၁၁ ဂိုးထိပေးခဲ့ရပြီး ပွဲတိုင်းပေးဂိုးရှိခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဆိုလီမက်ချ်ကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ပဲ ပွဲထွက်လေ့ရှိပြီး တိုက်စစ်အားပြုကစားတဲ့ပုံစံကြောင့် တိုက်စစ်က ဂိုးတွေရခဲ့ပေမဲ့ ခံစစ်ပိုင်းကိုတော့ ပြင်ဆင်နိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့် သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၄ ပွဲကစားအပြီးမှာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ် ၁၅ ရရှိခဲ့ပြီး အဆင့်(၁၅) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ တန်းဆင်းဇုန်က ဝုဗ်အသင်းနဲ့ရမှတ်နှစ်မှတ်ပဲကွာဟနေတာကြောင့် လာမဲ့ပွဲစဉ်ကို အာရုံစိုက်ကစားလာမှာ သေချာပါတယ်။ သူတို့အသင်းဟာ အဓိက ကစားသမားတွေဖြစ်တဲ့ ဘမ်းဖို့ဒ်၊ ဟာရစ်ဆင်၊ ဆင်နီစတာရာ၊ ကလစ်ချ်၊ ရှိဒရီဂို၊ ဒါးလက်စ်တို့ဒဏ်ရာရနေတာက ထိုးနှက်ချက်တစ်ခုဖြစ်နေပြီး အသင်းရဲ့ကစားအားကျဆင်းခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ အဲဒီကစားသမားတွေပါဝင်ဖို့မသေချာတာကြောင့် တိုက်စစ်ကစားပုံကောင်းတဲ့နယူးကာဆယ်အသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒါကြောင့် ပရီးမီးယားလိဂ်ချန်ပီယံဆုကိုပါ စိန်ခေါ်ဖို့ကြိုးစားလာမဲ့ အိမ်ရှင်နယူးကာဆယ်ကို ရွေးချယ်ရမှာပါ။

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၁ | - | ၀ | ချဲလ်ဆီး |
| အယ်ဟိုင်လာ | ၀ | - | ၅ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၁ | ဗယ်လ်ကာနို |
| နယူးကာဆယ် | ၁ | - | ၀ | ဘုန်းမောက် |
| လက်စတာ | ၀ | - | ၃ | နယူးကာဆယ် |

### လိဒ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဗ် | ၁ | - | ၀ | လိဒ် |
| စပါး | ၄ | - | ၃ | လိဒ် |
| လိဒ် | ၂ | - | ၁ | အယ်ချီ |
| လိဒ် | ၂ | - | ၁ | ဆိုစီဒက် |
| လိဒ် | ၂ | - | ၄ | မိုနာကို |

### ဗလင်စီယာကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဗီလာရီးရဲလ်နဲ့ ဗလင်စီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ ဗီလာရီးရဲလ်အသင်းဟာ နည်းပြအမ်မရီနဲ့လမ်းခွဲပြီးနောက်ပိုင်း နည်းပြသစ်လက်ထက်မှာ အမှတ်ပေးပြိုင်ပွဲတစ်ပွဲပဲအနိုင်ရထားပြီး သူတို့အနိုင်ရခဲ့တာကလဲ ကစားသမားစုဖွဲ့မှုအားနည်းနေတဲ့ အက်စ်ပန်ညိုအသင်းဖြစ်နေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကာလအတွင်းကစားခဲ့တဲ့ ခြေစမ်းပွဲစဉ်တွေမှာတော့ တစ်ပွဲပဲရှုံးထားပြီး ဂါလာတာစာရေး၊ နာပိုလီ၊ အေဗီလာတို့ကို အနိုင်ရခဲ့တာသတိပြုရမှာပါ။ နည်းပြသစ် ဆက်တီယန်ဟာ ၄-၂-၃-၁ ကစားကွက်နဲ့ပွဲထွက်နေပေမဲ့ ပြီးခဲ့တဲ့ ကိုပါဒယ်ရေးဖလားမှာတော့ စပိန်အောက်တန်းကလပ် ဂူဂျီလိုအသင်းကို အကြိတ်အနယ်ကစားခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ နည်းပြသစ်လက်ထက်မှာ အထိုင်ကျဖို့အချိန်ယူရမဲ့အခြေအနေမှာရှိနေတာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပွဲ ၁၄ ပွဲအပြီးမှာ ရမှတ် ၂၁ မှတ်ရရှိထားပြီး အဆင့်(၉)မှာ ရပ်တည်နေပေမဲ့ အဆင့်(၁၀)၊ အဆင့်(၁၁)မှာရှိနေတဲ့ ဗလင်စီယာ၊ မာယော့ကာအသင်းတို့နဲ့ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ကွင်းလယ်က လိုဆယ်ဆိုတစ်ယောက်ပဲ ဒဏ်ရာကြောင့်လွဲချော်နိုင်ပေမဲ့ ကျန်ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်ပါတယ်။

ဗလင်စီယာအသင်းဟာ ပြီးခဲ့တဲ့ နွေရာသီအပြောင်းအရွှေ့မှာ ကစားသမားသစ်ခေါ်ယူမှုပြုလုပ်နိုင်ခဲ့သလို နည်းပြဂတ်တူဆိုရဲ့ နည်းစနစ်ပိုင်းမှာ ကစားသမားအားလုံးက လိုက်ပါကစားနိုင်တာကြောင့် ရလဒ်ပိုင်းတိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါ့ပြင် တိုက်စစ်ပိုင်းကလဲ အဝေးကွင်းပွဲစဉ်တွေမှာ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ပြီး ဆိုစီဒက်၊ ဆီဗီလာတို့ကိုတောင် သရေရလဒ်ကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းရဲ့တိုက်စစ်ပိုင်းကိုတော့ ဝါရင့်တိုက်စစ်မှူးကာဗာနီက ဦးဆောင်နေပြီး သွင်းဂိုးလေးဂိုးထိ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားပြီး အဝေးကွင်းနှစ်ပွဲမှာ သွင်းဂိုးငါးဂိုးနဲ့ ရှုံးပွဲမရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ခြေရည်တူနှစ်သင်းတွေ့ဆုံနေပေမဲ့ ခြေစွမ်းပိုင်းနဲ့ နည်းစနစ်ပိုင်းမှာ ဗလင်စီယာအသင်းက အသာရနေပါတယ်။ ဒါ့ပြင် တိုက်စစ်ကစားပုံနဲ့ အဝေးကွင်းခြေစွမ်းပိုင်းမှာပါတည်ငြိမ်နေတဲ့ ဗလင်စီယာအသင်းကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖီနာဘာချီ | ၂ | - | ၁ | ဗီလာရီးရဲလ် |
| ဂါလာတာစာရေး | ၃ | - | ၄ | ဗီလာရီးရဲလ် |
| အေဗီလာ | ၀ | - | ၁ | ဗီလာရီးရဲလ် |
| နာပိုလီ | ၂ | - | ၃ | ဗီလာရီးရဲလ် |
| ဂူဂျီလို | ၁ | - | ၂ | ဗီလာရီးရဲလ် |

### ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၁ | - | ၁ | ဗလင်စီယာ |
| ဗလင်စီယာ | ၃ | - | ၀ | ဘက်တစ် |
| ကလဲယားမောင့် | ၂ | - | ၄ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၂ | နော်တင်ဟမ် |
| ဗလင်စီယာ | ၁ | - | ၃ | အယ်ခမာ |

# နိုင်ဂျီးရီးယားရေဘေးသင့်ပြည်သူများကို USAID က ကန်ဒေါ်လာငါးသန်းထပ်မံပံ့ပိုးခဲ့



**ဝါရှင်တန် ဒီဇင်ဘာ ၂၉**

နိုင်ဂျီးရီးယားနိုင်ငံရှိ ရေဘေးသင့်ပြည်သူများကို လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအဖြစ် အမေရိကန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) က အမေရိကန်ဒေါ်လာငါးသန်း ထပ်မံပံ့ပိုးပေးခဲ့ကြောင်း နိုင်ဂျီးရီးယားနိုင်ငံရှိ အမေရိကန်သံရုံးက ထုတ်ပြန်ထားသည်ဟု The Whistler သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံတွင် ဩဂုတ်လအတွင်းက ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ဒုက္ခရောက်နေသူများကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီအဖြစ် ကနဦးပံ့ပိုးငွေ အမေရိကန်ဒေါ်လာ တစ်သန်းပံ့ပိုးပေးခဲ့ပြီးနောက် ယခုအခါ ထပ်မံ ပံ့ပိုးပေးခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

ဘေးကင်းပြီး ကျန်းမာသော အလေ့အကျင့်ကောင်းများ မြှင့်တင်ရန်အတွက် အရေးပေါ်အမိုးအကာ၊ ရေနှင့် မိလ္လာစနစ်အပါအဝင် အရေးပေါ် ကယ်ဆယ်ရေးစခန်းခုနစ်ခုမှ လူဦးရေ ၂၂၅၀၀ ကျော်အတွက် ဘက်စုံသုံးပစ္စည်းများဝယ်ယူရန်နှင့် ထိခိုက်ခံစားခဲ့ရသော လူမှုအသိုက်အဝန်းအတွင်း စီးပွားရေး ပြန်လည်နာလန်ထူလာစေရန် ပံ့ပိုးကူညီမှုကို ဖြည့်စွက်ပေးခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အလွန်ခက်ခဲသော ကာလအတွင်း အမေရိကန်နိုင်ငံသည် နိုင်ဂျီးရီးယား ပြည်သူများနှင့်အတူ ဆက်လက်ရပ်တည်သွားမည်ဖြစ်ပြီး လူသားချင်း စာနာထောက်ထားမှု အကူအညီပေးခြင်းဆိုင်ရာ ရှည်လျားသော ပူးပေါင်းဆောင်ရွက်မှုသမိုင်းကြောင်းကို ဆက်လက်ထိန်းထားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Ms Mary Beth Leonard က ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ယခုနှစ်ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူဦးရေ ၂ ဒသမ ၄ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး လယ်ယာမြေ ၁ ဒသမ ၆ သန်းကျော်ပျက်စီးကာ လူဦးရေ ၆၆၀ ကျော် အသက်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

AZH

# ဂရိနိုင်ငံအလယ်ပိုင်းတွင် ပြင်းအား ၄ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**အေသင် ဒီဇင်ဘာ ၂၉**

ဂရိနိုင်ငံ Evia ကျွန်းတွင် ဒီဇင်ဘာ ၂၈ ရက်က ပြင်းအား ၄ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အေသင်ပထဝီဆိုင်ရာအင်စတီကျူက ဒီဇင်ဘာ ၂၈ ရက်က သတင်းထုတ်ပြန်ထားသည်ဟု The National သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဂရိနိုင်ငံ၏ ဒုတိယအကြီးဆုံးဖြစ်သော Evia ကျွန်း အရှေ့မြောက်ဘက်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သော အဆိုပါငလျင်သည် ပြင်းအား ၄ ဒသမ ၉ မဂ္ဂနီကျူရှိပြီး ဥရောပ-မြေထဲပင်လယ်ငလျင်ဗေဒဆိုင်ရာဌာန၏ ကနဦးသတင်းထုတ်ပြန်ချက်များအရ ငလျင်မှာ ၅ ဒသမ ၂ မဂ္ဂနီကျူရှိကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုဒဏ်ကို Evia ကျွန်းနှင့် ၆၅ ကီလိုမီတာအကွာရှိ မြို့တော်အေသင်က ပြင်းပြင်းထန်ထန် ခံစားခဲ့ရသော်လည်း အသေအပျောက်၊ ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်၍ ချက်ချင်းသတင်းထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ပြီးခဲ့သည့် ဆောင်းဦးရာသီအတွင်းမှစ၍ ဂရိနိုင်ငံတွင် ငလျင်များ ဆက်တိုက်လှုပ်ခတ်ခဲ့ပြီး စက်တင်ဘာလအတွင်းလှုပ်ခတ်ခဲ့သော ငလျင်သည် နှစ်ပေါင်း ၆၀ အတွင်း အပြင်းထန်ဆုံးဖြစ်ခဲ့ကာ လူပေါင်း ၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သိရသည်။

ငလျင်၏ဗဟိုချက်သည် Evia ကျွန်းတောင်ဘက် ငါးကီလိုမီတာအကွာနှင့် မြေပြင်အောက် ၁၀ ကီလိုမီတာအနက်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်၍ ပြည်သူများစိုးရိမ်မှု မြင့်တက်လျက်ရှိကြောင်း Evia ကျွန်း လက်ထောက်ဒေသအုပ်ချုပ်ရေးမှူး Giorgos Kelaiditis က ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှု သတင်းထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း အလွန်စိုးရိမ်ရန်မလိုအပ်ကြောင်းနှင့် ယခင်ငလျင်များနှင့်ဆက်စပ်မှုမရှိကြောင်း အေသင်တက္ကသိုလ် ဘူမိဗေဒနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုပါမောက္ခ Efthymios Lekkas က ပြောကြားခဲ့သည်။

AZH

# ကန်နဒီဆိပ်ကမ်းနှင့် ပါ့သ်မြို့တောင်ဘက်ပိုင်းတွင် တောမီးအရေးပေါ်အခြေအနေသတ်မှတ်

**ကင်ဘာရာ ဒီဇင်ဘာ ၂၉**

ဩစတြေးလျနိုင်ငံ ကန်နဒီဆိပ်ကမ်းနှင့် ပါ့သ်မြို့တောင်ဘက်ပိုင်းတွင် ဒီဇင်ဘာ ၂၈ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ယနေ့မှစ၍ တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်ကြောင်း အနောက်ပိုင်း ဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ကန်နဒီဆိပ်ကမ်းနှင့် ပါ့သ်မြို့တောင်ဘက်ပိုင်းရှိ လူနေအိမ်ခြေများဆီသို့ စတင်ကူးစက်နေပြီဖြစ်သည့်အတွက် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း အနောက်ပိုင်းဩစတြေးလျပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ပါ့သ်မြို့ တောင်ဘက်ပိုင်းရှိ ဝန်ဘရိုဆောင်းရိပ်သာလမ်းမှ အန်နစ်ရိပ်သာလမ်းတွင်ရှိသော လူနေအိမ်များဆီသို့ တောမီးစတင်ကူးစက်လောင်ကျွမ်းနေခြင်းဖြစ်ပြီး ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် အာဏာပိုင်အဖွဲ့အစည်းက လေကြောင်းအကူအညီရယူထားကြောင်း သိရသည်။



တောမီးလောင်ကျွမ်းမှုသည် အနောက်ပိုင်းဩစတြေးလျပြည်နယ် အနောက်ဘက်ပိုင်းသို့ ကူးစက်မှုနှုန်းမြန်ဆန်နေပြီး တောမီးလောင်ကျွမ်းမှုကြောင့် ယာယီပိတ်ထားရန် ကြေညာထားသည့် လမ်းမကြီးများမှာ ကန်နဒီဆိပ်ကမ်းလမ်းနှင့် ဝန်ဘရိုဆောင်း ရိပ်သာလမ်းကြားရှိ ဘိတ်ဝယ်လမ်း၊ ဆီဗီးလားတာရေ့လမ်းမကြီး၊ လာအက်ထရာဒါလမ်းမကြီး၊ မီရီဒါလပ်လမ်းမကြီး၊ ဘာဂိုစ်လမ်းမကြီးနှင့် တိုလီဒါပတ်လမ်းတို့ဖြစ်ကြောင်း သိရသည်။ **ခိုင်ဆက်**

# အင်္ဂလန်နိုင်ငံ ဝစ်ရှိုင်းယားနယ်မြေတွင် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၂၉**

အင်္ဂလန်နိုင်ငံအနောက်တောင်ဘက်ပိုင်း ဝစ်ရှိုင်းယားနယ်မြေတွင် ဒီဇင်ဘာ ၂၇ ရက်မှစ၍ မိုးရွာသွန်းမှုဖြစ်ပွားခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှုဖြစ်ပေါ်ကာ ယနေ့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ဝစ်ရှိုင်းယားနယ်မြေကို ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း WST သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘရက်ဖို့ဒ်ရှိ အာဗွန်မြစ်ရေလျှံတက်မှု ဖြစ်ပွားနေပြီး မယ်လ်ရှမ်နှင့် ဘရက်ဖို့ဒ်ကြားရှိ ဟော့လမ်းမကြီးကို ယာယီပိတ်ထားကြောင်း၊ ထို့ပြင် မယ်လ်ရှမ်နှင့် ဘရက်ဖို့ဒ်ဒေသတို့ရှိ ကုန်းနိမ့်ပိုင်းဧရိယာများတွင် နေထိုင်သည့် ဒေသခံများကို ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားပြီး လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရန် အင်္ဂလန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

"ဘရက်ဖို့ဒ်ရှိ အာဗွန်မြစ်ရေလျှံတက်မှုဖြစ်ပေါ်နေပါတယ်။ မိုးရွာသွန်းမှုတွေလဲ ဖြစ်ပေါ်နေဆဲဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ မယ်လ်ရှမ်နှင့် ဘရက်ဖို့ဒ်ကြားမှာရှိတဲ့ ဟော့လမ်းမကြီးမှာ ရေကြီးရေလျှံမှုတွေ စတင်ဖြစ်ပွားနေပြီဖြစ်တဲ့အတွက် ဟော့လမ်းမကြီးကို ယာယီပိတ်ထားပါတယ်။ ဟော့လမ်းမကြီးရဲ့ အောက်ပိုင်းက လူနေအိမ်တွေကိုလဲ ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားပါတယ်။ မြစ်ရေလျှံတက်မှု အခြေအနေကိုလဲ အေဂျင်စီက အချိန်ပြည့်စောင့်ကြည့်နေပါတယ်။ မိုးရေချိန်ပေါ်မူတည်ပြီး မြစ်ရေလျှံတက်မှုအခြေအနေ ပြောင်းလဲလာနိုင်တဲ့အတွက် ရေဘေးအန္တရာယ်ရဲ့ အခြေအနေကလဲ မိုးရေချိန်ပြောင်းလဲမှုအပေါ် မူတည်နေပါတယ်"ဟု အင်္ဂလန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်ဆက်**

# တရုတ်နိုင်ငံ ရှန်ကျိုးမြို့ရှိ ကျန်ရှင်ဟွမ်ဟာတံတားပေါ်တွင် မြူခိုးများဖုံးလွှမ်းမှုကြောင့် ယာဉ်မတော်တဆဖြစ်ကာ လူတစ်ဦးသေဆုံး

**ပေကျင်း ဒီဇင်ဘာ ၂၉**

တရုတ်နိုင်ငံ ရှန်ကျိုးမြို့လယ်ရှိ ကျန်ရှင်ဟွမ်ဟာ တံတားပေါ်တွင် ဒီဇင်ဘာ ၂၈ ရက်က မြူခိုးများဖုံးလွှမ်းမှုကြောင့် မော်တော်ယာဉ်အစုလိုက်အပြုံလိုက်မတော်တဆဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း ရှန်ကျိုးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CGTN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြူခိုးများရုတ်တရက်ဖုံးလွှမ်းမှုကြောင့် ကျန်ရှင်ဟွမ်ဟာတံတားပေါ်တွင် မော်တော်ယာဉ်အစီးရေ ၂၀၀ ခန့်ထိ ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပြီး ပျက်စီးခဲ့သည့် မော်တော်ယာဉ်အမြောက်အမြားရှိခဲ့ကြောင်း ရှန်ကျိုးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ယာဉ်အစီးရေ ၂၀၀ ကျော်ထိ မတော်တဆဖြစ်ပွားခဲ့ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူ အမြောက်အမြားရှိခဲ့ပြီး မီးသတ်ယာဉ် ၁၁ စီးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၆၆ ဦးက ကျန်ရှင်ဟွမ်ဟာ တံတားပေါ်တွင် ပိတ်မိနေသူများကို ကယ်ထုတ်ပေးနိုင်ရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

ကျန်ရှင်ဟွမ်ဟာတံတားပေါ်၌ အသွားအလာနှင့် ယာဉ်ကြောနှစ်ခုစလုံး ပိတ်မိနေခြင်းဖြစ်ပြီး မြစ်ဝါမြစ်ကို ဖြတ်ကူးသည့်နေရာတွင် မော်တော်ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပေါ်နေခြင်းကြောင့် တံတားပေါ်မှပြည်သူများက ပို၍မို၍ အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း၊ တံတားပေါ်တွင် မော်တော်ယာဉ်အစီးရေ ၂၀၀ ကျော်ထိ မတော်တဆဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းကြောင့် အဆိုပါတံတားကို ဖြတ်သန်းမောင်းနှင်မည့် ကားလမ်းများကို ရဲတပ်ဖွဲ့က ယာယီပိတ်ထားကြောင်း၊ သို့သော်လည်း မြူခိုးဖုံးလွှမ်းမှုများလျော့ကျသွားမှသာ ပိတ်မိနေသော မော်တော်ယာဉ်များကို ရှင်းလင်းပေးသွားမည်ဖြစ်ပြီး မိုးလေဝသဦးစီးဌာနက ထုတ်ပြန်သည့် မိုးလေဝသထုတ်ပြန်မှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှန်ကျိုးအာဏာပိုင်အဖွဲ့အစည်းက ပြောကြားခဲ့သည်။

**ခိုင်ဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ








## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကျောက်ဆည်မြို့၊ လက်ပံပင်အုပ်စု၊ ရွှေပြည်ရွာနေ ဦးအောင်ကျော်မိုး (ဘ) ဦးငွေမောင် (အမျိုးသားမှတ်ပုံတင်အမှတ် ၉/ကဆန(နိုင်) ၀၀၀၉၈၁) ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျောက်ဆည်မြို့ပြည်ပန်းကျေးရွာရှိ ကွင်းအမည် (၁၉၉ ပြည်ပန်းE)မြေကွက်အမှတ် (၁၉၄၏အစိတ်အပိုင်း)၊ ဧရိယာ (၀. ၀၇၈)ရှာမြေ အကျယ်အဝန်းရှိမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အာရ်စီနှစ်ထပ်တိုက်အဆောက်အဦးအပါအဝင် စိန်သန်းငွေအမည်ရှိ လိုင်စင်ရ စက်သုံးဆီရောင်းဝယ်သည့်လုပ်ငန်းများသည် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုး တစ်ဦးတည်း အမည်ပေါက်ဖြင့် လုပ်ပိုင်ခွင့်ရရှိထားသည့် ဦးအောင်ကျော်မိုး ပိုင်ဆိုင်သော မြေ၊အဆောက်အဦးနှင့် လုပ်ငန်းများဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေ၊ အဆောက်အဦးနှင့် စိန်သန်းငွေ အမည်ရှိ စက်သုံးဆီရောင်းဝယ်သည့်လုပ်ငန်းများကို ပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုး၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများအပြင် အထက်ပါပစ္စည်းများကို တစ်နည်းနည်းဖြင့် လက်ခံရယူခြင်းမပြုလုပ်ရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲတရားဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားချက်အရ | လွှဲအပ်ညွှန်ကြားသူ |
|---|---|
| ဦးသက်နိုင်ဝင်း | ဦးအောင်ကျော်မိုး (ဘ) ဦးငွေမောင် |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၈၃) | ၉/ကဆန(နိုင်)၀၀၀၉၈၁ |
| ယာမြင့်တိုင်ရပ်၊ငယ်တိုးကျေးရွာအုပ်စု၊ | ကျောက်ဆည်မြို့၊ လက်ပံပင်အုပ်စု၊ |
| အမရပူရမြို့နယ်။ ၀၉-၄၀၂၅၉၇၈၅၂ | ရွှေပြည်ရွာ။ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့

မန္တလေး

## ၁.၇၅ ပတ်လည်ရွှေဆိုင်းချိပ်ပိတ်ဈေးပြိုင် တင်ဒါခေါ်ယူခြင်း

ရွှေဆိုင်းတင်ဒါအမှတ်စဉ် (၃/၂၀၂၂-၂၀၂၃)

မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ၁. ၇၅ပတ်လည် ရွှေဆိုင်းများကို ချိပ်ပိတ်ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။ ဈေးပြိုင်တင်ဒါတင်သွင်းမည့်သူ သည် အမှန်တကယ် ရွှေဆိုင်းလုပ်ငန်းလုပ်ကိုင်သူဖြစ်ရမည်။

ဈေးပြိုင်လျှောက်လွှာနှင့် အသေးစိတ်သိလိုသည့် အချက်အလက်များပါဝင်သော လျှောက်လွှာတစ်စုံလျှင် ကျပ် **(၂၀,၀၀၀ိ/-)နှုန်းဖြင့် မဟာမုနိဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ရုံးချိန်အတွင်း** ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိလိုသည့် အချက်အလက်များကို မဟာမုနိဂေါပကအဖွဲ့ရုံးခန်းတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါပိတ်ရက်မှာ (၃၁-၁၂-၂၀၂၂)ရက်၊ (စနေ)နေ့ ညနေ (၃း၀၀)နာရီ တိတိဖြစ်ပါသည်။

**မဟာမုနိဂေါပကအဖွဲ့**

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အ. ထ. က၊ လပစ(၂) Grade-10(A)တွင် ပညာသင်ကြားနေသော မောင်ဝေဖြိုးလွင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနန္ဒာမင်း ဖြစ်ပါကြောင်း။

**ဦးနန္ဒာမင်း(၉/မရတ(နိုင်)၀၀၄၄၃၁)**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-4(B)တွင် ပညာသင်ကြားနေသော (အဘ) ဦးရော်ကျောင်းဝေ (၁၃/လလန(နိုင်)၀၅၁၂၉၄)၏သမီး မသက်နှင်းမှုံ ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၃-၉-၂၀၁၁ ဖြစ်ပါကြောင်း။

**၂၃-၉-၂၀၁၁**

## ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်နေ အောင်စေယျ (ဘ)ဦးကျော်မွေး (၉/ပဘန(နိုင်)၂၄၇၉၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်နေ စန္ဒာအောင် (ဘ) ဦးမောင်ဆန်း(၉/ပကခ(နိုင်)၁၃၉၃၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နေ မင်းမင်းထွန်း(ဘ) ဦးမြတ်သန်းထွန်း (၉/မခန(နိုင်)၁၆၆၃၄၃၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၇၆၆၆၅၂၃၅

## အရောင်းဝန်ထမ်း (မ) ၁၀ဦး အလိုရှိသည်

1. မန္တလေးမြို့အတွက် မ (၃)ဦး စားရိတ်မငြိမ်း
   အခြေခံလစာ ၁၅၀၀၀၀ိ/-ကြိုးစားလျှင် +++++လတိုင်း
2. မန္တလေးမြို့အတွက် မ (၄)ဦး စားရိတ်ငြိမ်း
   အခြေခံလစာ ၁၀၀၀၀၀ိ/- ကြိုးစားလျှင် +++++လတိုင်း
3. ရန်ကုန်မြို့အတွက် မ (၃)ဦး စားရိတ်ငြိမ်း
   အခြေခံလစာ ၁၀၀၀၀၀ိ/- ကြိုးစားလျှင် +++++လတိုင်း

* စားရိတ်ငြိမ်းသူများ နေထိုင်စားသောက်ပူစရာမလို။မိဘတိုင်းစိတ်ချရမည့် အကြိုက်တွေ့မည့်နေရာ။ နေ့တိုင်းအသားဟင်းပါသည်။
* 1,2,3 အတွက် ရိုးသားကြိုးစားပြီး အသက် ၂၀ မှ ၂၅ နှစ်အထိသာ
* Interview ချိန် ညနေ ၄ နာရီမှ ၅ နာရီအထိ
* စက်အပိုပစ္စည်းအရောင်းဆိုင်
* ကြော်ငြာသည့်နေ့မှ 31-1-2023 ထိလျှောက်ထားနိုင်ပါသည်။
* 09-253096737 , 09-971909248


ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ဒေသတွင်းမှထွက်ရှိလာသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်...

❖ ကုန်ကြမ်းထွက်ရှိမှုခိုင်မာအောင်ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်သည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် ကိုယ်စား၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်း၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀) နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၀)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူစိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရိုးရောဂါအထူးကုဆေးရုံကြီး-ရန်ကုန် တိုးချဲ့ငါးထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်**

စာမျက်နှာ - ၂၂

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။